ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ **(10-9-2008)** (5797)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခရီးသွားလုပ်ငန်းမှရသည့် အမျိုးသားဝင်ငွေသည် လူထုထဲက ပုဂ္ဂလိကလုပ်ငန်းများထဲတွင်သာ စီးဝင်နေ ပြည်သူ့အကျိုးစီးပွားကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသည့် ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်လာရေး နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်တိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၉

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်တိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

အသက်အရွယ်ကြီးသူများ ဗီတာမင်ကြွယ်ဝစွာ စားသုံးခြင်းဖြင့် မှတ်ဉာဏ်ချို့ယွင်းမှုကို တားဆီးပေးနိုင်

လန်ဒန် စက်တင်ဘာ ၉

အသား၊ ငါးနှင့် နို့တွင် ပါဝင်သော ဗီတာမင်ဓာတ်သည် အသက်အရွယ်ကြီးသူများအတွက် မှတ်ဉာဏ် ချို့ယွင်းအားနည်းမှုကို ကာကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က လေ့လာအကြံပြု တင်ပြထားသည်။

အသက်အရွယ်ကြီးလာသူများသည် ဗီတာမင် B 12 ဓာတ် အားနည်းလာခြင်းကြောင့် ဦးနှောက် အလုပ်လုပ်နိုင်မှုမှာလည်း ခြောက်ဆကျော်မျှ လျော့နည်းသွားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်ကို အောက်စ်ဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းတို့သည် အသက်အရွယ်ကြီးသည့် မှတ်ဉာဏ်ချို့ယွင်းသူ ၁၀၇ ဦးအား ငါးနှစ်ကြာ သုတေသနပြုလေ့လာခဲ့ရာမှ သိရှိခဲ့သည်ဟုဆိုသည်။ ၎င်းတွေ့ရှိချက်ကို အာရုံကြောဆိုင်ရာ ဆေးဂျာနယ်တွင် ဖော်ပြထားသည်။ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ❖

အင်တာနက် ကျန်းမာရေးသတင်း

မှတ်ဉာဏ်ချို့ယွင်းမှုကို ဗီတာမင်က ကာကွယ်နိုင်။

ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

❒ အီရတ်နှင့် အာဖဂန်နစ္စတန် စစ်ဘေးဒုက္ခမြင်ကွင်းများ (သတင်း) စာမျက်နှာ-၅

❒ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်၊ လမ်း စည်းကမ်း သတိပြု ဆင်ခြင်လိုက်နာ (သတင်း) စာမျက်နှာ-၁၀

❒ ကလေး-ဝင်းသူ၏ "ဖွံ့ဖြိုးသာယာ နတ်ချောင်းရွာ" (သတင်းဆောင်းပါး) စာမျက်နှာ-၁၁

ကြေးမုံ The Mirror
၁၀-၉-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

စာတတ်မြောက်မှုမြင့်မားရေး ဆက်လက်ကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး ကြိုးပမ်းကြရာတွင် လူတိုင်းစာတတ်မြောက်ရေးသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးက စာတတ်မြောက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်သူလူထု စာတတ်မြောက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းအားထုတ်လျက်ရှိသည့်နည်းတူ နိုင်ငံတကာ စာတတ်မြောက်ရေး လှုပ်ရှားမှုများတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင် ဖော်ဆောင်လျက်ရှိသည်။

မြန်မာ့လူ့အဖွဲ့အစည်းသည် ရှေးနှစ်ပေါင်းများစွာကပင် ပညာရေးအခြေခံကောင်းများ ဖြစ်ထွန်းရှင်သန်လျက်ရှိသည်။ ယခုအခါ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ စာသင်ကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ပေးထားရာ ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာသင်ကြားနိုင်ပြီး အလယ်တန်းနှင့် အထက်တန်း ပညာရပ်များကို ဆက်လက်ဆည်းပူး သင်ယူနိုင်လျက်ရှိသည်။

တစ်ချိန်တည်းတွင် ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်းတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိရာ ၂၀၀၈ ခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်းအသီးသီး၌ စာတတ်မြောက်သူ ရှစ်သိန်းကျော်ရှိလာခဲ့သည်။ အခြေခံစာတတ်မြောက်မှုနှုန်း မြင့်မားလာမှုနှင့်အတူ စာတတ်မြောက်မှု ရေရှည်တည်တံ့ ဖွံ့ဖြိုးစေရေးအတွက် စဉ်ဆက်ပညာရေး အစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးလုပ်ငန်းများတွင် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ စေတနာရှင်ပြည်သူများ၏ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်မှုများကြောင့် စာတတ်မြောက်သူ နှစ်စဉ်တိုးတက်လာလျက်ရှိသည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ ရောက်ရှိလာပြီး အာရှနှင့်ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်း မြင့်မားသည့် နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

စာတတ်မြောက်သူ တိုးပွားလာခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက် ကြိုးပမ်းရာတွင် ပိုမိုအကျိုးဖြစ်ထွန်းမှု ရရှိလာမည်ဖြစ်သည်။ စာပေတတ်မြောက်ပြီးသူတိုင်း စာပေဆက်လက်ဖတ်ရှုစေရေး၊ စာသင်ဝိုင်း၊ စာဖတ်ဝိုင်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ ရပ်ရွာပညာပဒေသာဌာနများ တည်ထောင်ဖွင့်လှစ်ရေးလုပ်ငန်းများတွင် ပြည်သူများအားလုံးက ဆက်လက်ကြိုးပမ်းဖော်ဆောင်ကြခြင်းဖြင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှု ပိုမိုတိုးတက်မြင့်မားနေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဝေါ၊ ပဲခူး၊ သနပ်ပင်နှင့် ကဝမြို့နယ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ဝေါမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် ဝေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)သို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဝေါမြို့နယ် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့ငွေကျပ်သိန်း၅၀ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ပြီး ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော လေးဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူနှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၁ ဦးတို့အား ဆုများချီးမြှင့်သည်။

ဆုများချီးမြှင့်

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့တက်ရောက်၍ အမှာစကား ပြောကြားပြီး ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်၍၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရရှိသူ ငါးဦးတို့အား ဆုများချီးမြှင့်သည်။

ထိုမှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပဲခူးတိုင်း သနပ်ပင်မြို့၌ ကျင်းပသည့် သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော နှစ်ဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရရှိသူ သုံးဦး၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တိုင်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ပထမရရှိသူ တစ်ဦးနှင့် မူးယစ်ဆေးဝါး ပညာပေးကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ တိုင်းအဆင့်တွင် ပိုစတာပြိုင်ပွဲ၌ ပထမရရှိသူတို့အား ဆုများချီးမြှင့်သည်။

အမှာစကားပြော

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပဲခူးတိုင်း ကဝမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် ကဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက်၍အမှာစကားပြောကြားပြီးပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၆၀ ကို မြို့နယ်ပညာရေးမှူးထံသို့လည်းကောင်း၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၄၀ ကို မြို့နယ်ဆရာဝန်ကြီးထံသို့လည်းကောင်း ပေးအပ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)တွင် ပဲခူးမြို့နယ် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်စဉ်

(ရထားပို့ဆောင်ရေး)

ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကဝမြို့နယ် တစ်ခုလုံး၌ အောင်ချက်အများဆုံး ရရှိသော ကဝမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရရှိသူ လေးဦးတို့အား ဆုများချီးမြှင့်သည်။

ဖြည့်ဆည်း

ထိုမှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကဝမြို့ပြည်သူ့ဆေးရုံ အလှူငွေပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ပဲခူးမြို့နယ် မိုးကွဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း စာသင်ဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ယာဉ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဆွေးနွေးဟောပြော

ရန်ကုန် စက်တင်ဘာ ၉

ဧရာဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ပြည်သူများယာဉ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၂၈ရက်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ ကင်မလင်းကျွန်း အဝေးပြေးစခန်း တိုင်းမော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး ခန်းမဆောင်၌ ကျင်းပရာ ဧရာဝတီတိုင်း ပို့ဆောင်ရေးနှင့်စီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဂွန်ရပ်(စ်)သောင်းက ပို့ဆောင်ရေးနှင့် စီမံကိန်းဦးစီးဌာန (ရုံးချုပ်)မှ ထုတ်ပြန်ထားရှိသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းညွှန်ကြားချက်များကို အသေးစိတ်ပညာပေးဟောပြောသည်။ **(အောက်ပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးကြိုင်၊ ရေယာဉ်အသင်း ဥက္ကဋ္ဌ ဦးတိုင်းအောင်၊ စက်လှေအသင်း ဥက္ကဋ္ဌ ဦးတင်ရွှေ၊ ထော်လာဂျီယာဉ်အသင်း ဥက္ကဋ္ဌ ဦးကျော်စွာမြင့်၊ တိုင်းမော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ရင်တို့က ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းဝေးစေရန် ဆောင်ရွက်ချက်လုပ်ငန်းရပ်များကို အသီးသီးဆွေးနွေးကြသည်။ အဆိုပါ အခမ်းအနားသို့ ကုန်တင်မော်တော်ယာဉ်၊ ခရီးသည်တင်မော်တော်ယာဉ်၊ ကုန်တင်ရေယာဉ်၊ ခရီးသည်တင်ရေယာဉ်၊ စက်လှေ၊ ထော်လာဂျီယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လှိုင်မြို့နယ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈) အခမ်းအနားကို လှိုင်မြို့နယ်အသင်းခန်းမ၌ ကျင်းပရာ တိုင်းအတွင်းရေးမှူး ဦးအေးမြင့်က အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အလှူငွေ ပေးအပ်ပွဲ ဆက်လက် ကျင်းပရာ သုဓမ္မသိင်္ဂီ ဒေါ်မြရွှေ(မိုးသောက်ရေသန့်နှင့် ရေခဲ မိသားစု)ကကျပ်နှစ်သိန်း၊ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကကျပ်တစ်သိန်း ငါးသောင်း၊ ဦးသန်းစိုး(ဥက္ကဋ္ဌ) စာရီမာရီယမန်မယ်တော် ဘုရားကျောင်းက ငွေကျပ်တစ်သိန်း၊ကျန်အလှူရှင်များကလှူဒါန်းသော အလှူငွေများကို တိုင်းအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက လက်ခံသည်။ **(ယာပုံ)** ယင်းနောက်ဂုဏ်ပြုဆုပေးပွဲကို ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင် ကျောင်းသား၊ ကျောင်းသူများ၊ လေဘေးဒဏ်ခံရသော ပြည်သူများအား ကူညီဆောင်ရွက်ပေးသော အသင်းဝင်လူငယ်များအား ဂုဏ်ပြုဆုနှင့် အမှတ်တရလက်ဆောင်များအား တိုင်းအတွင်းရေးမှူးက ပေးအပ်ချီးမြှင့်ခဲ့သည်။ (၅၄၃)

ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်ရန် စာချုပ်များချုပ်ဆို

နေပြည်တော် စက်တင်ဘာ ၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Closed Joint Stock Oil Company "Nobel Oil"တို့သည် မြန်မာနိုင်ငံကုန်းပိုင်းလုပ်ကွက် A(ဟူးကောင်းဒေသ)နှင့် B-1 (ဥယုဒေသ)တို့၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ (Production Sharing Contracts)ကို စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာနိုင်ငံ ကုန်းပိုင်းလုပ်ကွက် A(ဟူးကောင်းဒေသ)နှင့် B-1(ဥယုဒေသ)တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ လက်မှတ်ရေးထိုးပွဲတွင် Closed Joint Stock Oil Company "Nobel Oil "၏ President Mr. G.S. Gurevich ထံ စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်တို့ကို ပေးအပ်စဉ်။

(သတင်းစဉ်)

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Dr. Mikhail Mgeladze၊ ဒုတိယဝန်ကြီးများနှင့် Closed Joint Stock Oil Company "Nobel Oil "မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစီအစဉ်အရဝန်ကြီးကအဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေးနှင့် Closed Joint Stock Oil Company "Nobel Oil "၏ President Mr. G.S. Gurevich တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ Closed Joint Stock Oil Company "Nobel Oil "၏ President နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ Closed Joint Stock Oil Company "Nobel Oil "၏ Vice President Mr. Vladimir N.Baskov တို့ကလက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်များနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်များကို ပေးအပ်ရာ Closed Joint Stock Oil Company "Nobel Oil " ၏ President က လက်ခံယူသည်။

လက်မှတ်ရေးထိုး ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များသည် မြန်မာနိုင်ငံကုန်းပိုင်းလုပ်ကွက် A(ဟူးကောင်းဒေသ)နှင့် B-1 (ဥယုဒေသ)အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်တင်ဘာ ၆ ရက်က အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၁၂) အင်းစိန်၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်းမှ ပထမဆုရရှိသူ မချစ်စုသွင်ကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးတင်ရှိန် ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

လေဘေးသင့်ပြည်သူများအတွက် အထည်မျိုးစုံနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

လေဘေးသင့်ပြည်သူများအတွက် အထည်မျိုးစုံနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ရွှေဇင်အေးအထည်ချုပ်လုပ်ငန်းနှင့် ရွှေဇင်အေးဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးစန်းယုနှင့် မိသားစုတို့က လေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၄၉ သိန်းကျော် တန်ဖိုးရှိ အထည်မျိုးစုံနှင့် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်ဝန်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (၁၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ **"အဲဒီမှာစတွေ့တာပဲ" (မင်းအုပ်စိုး၊ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၈း၀၀ ၆။ တေးဂီတအစီအစဉ်
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲ ဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး)(အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ သီချင်းကြီးပဒေသာ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၂၀ ၃။ အဆိုပြိုင်ပွဲ
၄း၃၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၅၀ ၆။ အကပြိုင်ပွဲ
၅း၀၀ ၇။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၁၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၂၀ ၉။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး)(အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၅း၃၀ ၁၀။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၅၀ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၀၀ ၁၅။ အတီးပြိုင်ပွဲ
၇း၂၀ ၁၆။ လပွတ္တာမြို့နယ်ညောင်လိန် ကျေးရွာမိုးစပါးစုပေါင်းထွန်ယက်ကောက်စိုက်ပွဲ
၇း၃၀ ၁၇။ ဆိုလိုက်ကြစို့
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ"သုဝဏ္ဏသာမ ဇာတ်တော်ကြီးပြိုင်ပွဲ" (ဒုတိယဆု) (စစ်ကိုင်းတိုင်း)(ပထမပိုင်း)**
၂၂။ အစီအစဉ်ပြီး၏။

မက်ကိန်းက အိုဘားမားကို ပွတ်ကာသီကာ အသာစီးရ

ဝါရှင်တန် စက်တင်ဘာ ၉

အမေရိကန်ပြည်ထောင်စု ရီပတ်ဘလီကန် သမ္မတလောင်း ဂျွန်မက်ကိန်းသည် ရွေးချယ်ပွဲ မဲဆွယ်စည်းရုံးမှု နောက်ဆုံး ကြိုးပမ်းချက်တွင် ပြိုင်ဘက် ဘာရက်အိုဘားမားထက် ၄ ရာခိုင်နှုန်း အသာစီးရလျက်ရှိနေကြောင်း ယူအက်စ်အေတုဒေးနှင့် ဂါလ်လပ်မှ တနင်္ဂနွေနေ့က ထုတ်ပြန်သောစစ်တမ်းတွင် ဖော်ပြထားသည်။

ပြောင်းပြန်လှန်

မက်ကိန်း၏ ၄ ရာခိုင်နှုန်း အသာစီးရမှုသည် ဇန်နဝါရီလမှစလျှင် သူ၏ အကြီးမားဆုံးသော ဦးဆောင်မှုဖြစ်သည်။ လွန်ခဲ့သည့် ရက်သတ္တပတ်က ရီပတ်ဘလီကန်ပါတီ ကွန်ဗင်းရှင်း မကျင်းပမီ အိုဘားမား၏နောက် ၇ ရာခိုင်နှုန်း နောက်ကျနေသည့် ယူအက်စ်အေတုဒေး၏ စစ်တမ်းကို ပြောင်းပြန်လှန်လိုက်နိုင်ခြင်းဖြစ်သည်။

စစ်တမ်းကောက်

နိုဝင်ဘာ၄ရက်သမ္မတရွေးကောက်ပွဲကျင်းပရန် နှစ်လမပြည့်မီ အချိန်တွင် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များကို သောကြာနေ့မှ တနင်္ဂနွေအထိ စစ်တမ်းကောက်ယူရာ မက်ကိန်းနှင့် အိုဘားမားတို့သည် ၅၀ ရာခိုင်နှုန်းနှင့် ၄၀ ရာခိုင်နှုန်း အသီးသီး ရရှိကြသည်။

မေးမြန်းလေ့လာ

မဲဆွယ်မှုတွင် အဓိကပြဿနာဖြစ်သော စီးပွားရေး၌ မက်ကိန်းက အိုဘားမားထက် ပွတ်ကာသီကာ အသာစီးရရှိကြောင်း ယူအက်စ်အေတုဒေးကပြောကြားသည်။

ယခုစစ်တမ်းတွင် မှတ်ပုံတင်ထားပြီး မဲဆန္ဒရှင် ၉၅၉ ဦး အပါအဝင် အရွယ်ရောက်သူ ၁၀၂၂ ဦးကို မေးမြန်းလေ့လာခဲ့သည်။ မှားယွင်းမှုသည် အပေါင်း (သို့မဟုတ်) အနုတ် ၃ရာခိုင်နှုန်းရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း ဗာဘူနီးယားဒေသတွင် ပြောက်ကျားများ၏ ထိုးစစ်အတွင်း ဒဏ်ရာရရှိသူတစ်ဦးအား ဆေးရုံပေါ်၌ စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာမည်ကြီး မူးယစ်ဆေးဝါးရောင်းဝယ်သူ စပိန်ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်း

မက်ဒရစ် စက်တင်ဘာ ၉

ရဲတပ်ဖွဲ့မှ အလိုရှိဆုံး နာမည်ကြီး မူးယစ်ဆေးဝါး ရောင်းဝယ်သူ ကိုလံဘီယာနိုင်ငံသား အက်ဂါဂယ်လာမိုဗာလီဂျိုဂူရိန်းဆိုသူအား စပိန်ရဲတပ်ဖွဲ့က သောကြာနေ့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၎င်းအား မက်ဒရစ်မြို့ရှိ ဇိမ်ခံဟိုတယ်တစ်ခုအတွင်းမှ ကြာသပတေးနေ့ညတွင် အမေရိကန်မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့(ဒီအီးအေ)နှင့် စပိန်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၇ ခုနှစ်ရှိ ဗာလီဂျိုသည် ကိုလံဘီယာနိုင်ငံမှ အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုကိစ္စများစွာတွင် ပါဝင်ပတ်သက် သူဟု သင်္ကာမကင်းခံရသူဖြစ်သည်။ ၎င်း၏ အခြားနာမည်မှာ ဘီတိုဂီတနိုဖြစ်ကြောင်း သိရသည်။

၎င်းသည် မှတ်တမ်းဝင် လူဆိုးတစ်ဦးဖြစ်ပြီး တရားမဝင်ရရှိသည့် ငွေများကို နည်းမျိုးစုံသုံး၍ တရားဝင်ကိုင်ဆောင်ခွင့်ရရှိရန် ကြိုးပမ်းခြင်း၊ တာဝန်ရှိသူများကို တံစိုးလက်ဆောင်ပေးခြင်းတို့၌ ကျော်ဇောသတင်းရှိသူဖြစ်သည်။ ၎င်းအား ဖမ်းဆီးရမိရန်အတွက် သတင်းပေးသူကို အမေရိကန်ဒေါ်လာ ငါးသန်း ဆုချရန်တရားဝင်ကြေညာထားပြီး ၎င်းအား နိုင်ငံတကာမှအလိုရှိသည့် ရာဇဝတ်ကောင်အဖြစ် အမေရိကန်က သတ်မှတ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်နိုင်ငံတွင် မိုးမုန်တိုင်းကျမှုကြောင့် နယူးကာဆယ်အရပ်တွင် ရေကြီးနေသည်ကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုတွင် မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင် ဖမ်းဆီးမိ

မက္ကဆီကိုစီးတီး စက်တင်ဘာ ၉

မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်း၊ ပြန်ပေးဆွဲခြင်းနှင့် ငွေညှစ်ခြင်းတို့ကို ကျူးလွန်သည်ဟု စွပ်စွဲခံထားရသော ပင်လယ်ကွေ့ မူးယစ်ဆေးဝါးရောင်းဝယ်ရေးဂိုဏ်း၏ ခေါင်းဆောင်အဖြစ် သံသယရှိသူတစ်ဦးကို မက္ကဆီကိုတပ်ဖွဲ့ဝင်များက နိုင်ငံတောင်ပိုင်းတွင် ဖမ်းဆီးခဲ့ကြောင်း ရှေ့နေချုပ်ရုံးက စက်တင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ပြည်နယ် မြို့တော် ဗီလာဟာမိုဆာတွင် တပ်မှူး တက်စ်တီလိုဟု လူသိများသော အယ်လ်ဘာတိုဆန်းချက်စ်နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ရေး ဂိုဏ်းခေါင်းဆောင်များနှင့် ရင်းနှီးသော တိုနီတို့ကို ထပ်မံဖမ်းဆီးထားခဲ့သည်။ ထိုနေ့မှာပင် တပ်ဖွဲ့ဝင်များသည် အကျင့်ပျက်ခြစားနေသော ရဲတပ်ဖွဲ့ညွှန်ကြားရေးမှူးကိုလည်း ဖမ်းဆီးလိုက်သည်။

မက္ကဆီကိုသမ္မတ ဖိလစ်ကားလ်ဒီဒွန်သည် ၎င်း၏ခြောက်နှစ်ကာလ သမ္မတသက်တမ်းတွင် အဓိကရည်မှန်းချက်အဖြစ် မူးယစ်ဆေးဝါးဂိုဏ်းများကို ချေမှုန်းခဲ့သည်။ မက္ကဆီကိုနိုင်ငံ တစ်ဝန်းလုံးတွင် တပ်ဖွဲ့အင်အား ၄၅၀၀၀ကို ဖြန့်ကြက်ကာ စစ်ဆင်ရေးတွင် အသုံးပြုလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် တိုက်ပွဲဖြစ်ပွား အရပ်သား အနည်းဆုံး ၅၈ ဦး သေဆုံး

မနီလာ စက်တင်ဘာ ၇

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် အစွန်းရောက်ခွဲထွက်ရေးသမားများအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ အနည်းဆုံး အရပ်သား ၅၈ ဦး သေဆုံးခဲ့ ကြောင်း တာဝန်ရှိသူများက စနေနေ့ တွင် ပြောကြားသည်။

အဆိုပါ ပဋိပက္ခကြောင့် မင်ဒါနာအိုဒေသတောင်ပိုင်းရှိ အိမ်ထောင်စု ၁၀၄၈၃၈ ခန့်နှင့် ပြည်သူ ၅၀၁၇၀၉ ဦးတို့အား ထိခိုက်နစ်နာစေခဲ့ကြောင်း အမျိုးသား စေ့စပ်ညှိနှိုင်းရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစီရင်ခံစာအရ အစိုးရတပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးပြီး မိုရိုအစ္စလာမ့်ရှေ့ဦးလွတ်မြောက်ရေးအဖွဲ့(အမ်အိုင်အယ်လ်အက်ဖ်)မှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း ဖော်ပြထားသော်လည်းစစ်ဘက်ကဖော်ပြသည့်အစောပိုင်းသတင်းများတွင်မူ (အမ်အိုင်အယ်လ်အက်ဖ်)အဖွဲ့မှ အရာရှိနှစ်ဦး အပါအဝင် ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

အစိုးရအဖွဲ့မှ အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်ခဲ့ပြီးနောက်ပိုင်းတွင် ခွဲထွက်ရေးသမားများသည် မင်ဒါနာအိုဒေသအတွင်းရှိ အချို့သော ကျေးရွာများနှင့် မြို့များကို ဩဂုတ်လ ၅ ရက်နေ့မှ စတင်ကာ အကြမ်းဖက် တိုက်ခိုက်လာကြသည်။ တိုက်ပွဲကြောင့် အနည်းဆုံး ၇၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် ၆၅ ဦးမှာ အရပ်သားများဖြစ်သည်ဟု ဆိုသည်။

ဖိလစ်ပိုင်အစိုးရအဖွဲ့နှင့်မိုရိုခွဲထွက်ရေးသမားတို့အကြားရှိ ပဋိပက္ခအခြေအနေသည် ၂၀၀၃ ခုနှစ်မှ စတင်၍ ငါးနှစ်အတွင်းတွင် အဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားတွင် ရေလွှမ်း၍ ဒေါ်လာတစ်သန်းကျော် ဆုံးရှုံး

ဂျကာတာ စက်တင်ဘာ ၉

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းမြောက်ပိုင်း ဂိုရွန်တော်လ်လိုမြို့ကို ရေလွှမ်းပြီးနောက် ပစ္စည်းဥစ္စာဆုံးရှုံးမှု၏ တန်ဖိုးသည် အင်ဒိုနီးရှားနိုင်ငံသုံးငွေ ရူပီယား ၁၀ ဘီလီယံ အမေရိကန်ဒေါ်လာ ၁ဒသမ၀၈သန်း ဆုံးရှုံးရသည်ဟု အန်တာရာသတင်းဌာနက တနင်္လာနေ့တွင် ကြေညာသည်။

ဖော်ပြပါ ဆုံးရှုံးမှုတန်ဖိုးသည် နောက်ဆုံးမဟုတ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထပ်မံတန်ဖိုးတွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို အန်တာရာသတင်းဌာနက ကိုးကားဖော်ပြသည်။

ပြည်နယ်မှ အပျက်အစီး တွက်ချက်ရာတွင် တူးမြောင်းများနှင့် လမ်းတံတားများ ပျက်စီးမှုကိုသာ တွက်ချက်ထည့်သွင်းထားသည်။ တိုးလာသော ရေအမြင့်သည် ၁ ဒသမ ၅ မီတာအထိရှိသည်။

ရေလွှမ်းခြင်းကြောင့် လူပေါင်း ၁၇၃၅၂ဦးသည် ဂိုရွန်တော်လ်လိုနှင့် ဆူလာဝေစီကျွန်းမြောက်ပိုင်း ဂိုရွန်တော်လ်လိုပြည်နယ်၊ ဘွန်းဘိုလန်ဂို ခရိုင်တို့ထက်မြင့်သော ကုန်းမြင့်များရှိရာသို့ တိမ်းရှောင်ကြရသည်။

အင်တာနက်။

ကျူးဘားနိုင်ငံတွင် အိုင်ကီမုန်တိုင်းကျရောက်သဖြင့် ကီမာဝွေးအရပ်၌ လမ်းများရေလျှံနေသည်ကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမည်မသိစစ်သင်္ဘော ပင်လယ်ဓားပြ ၁၄ ဦးကို ဖမ်းဆီး

ဘိုဆာဆို(ဆိုမာလီ)စက်တင်ဘာ၉

ဆိုမာလီနိုင်ငံ ကမ်းလွန်တွင် စစ်သင်္ဘောတစ်စင်းက ပင်လယ်ဓားပြ ၁၄ ဦးအား ဖမ်းဆီးပြီး ၎င်းတို့၏ မော်တော်ဘုတ်ကို ဖျက်ဆီးပစ်ခဲ့ကြောင်း ငါးလုပ်ငန်းဝန်ကြီးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပင်လယ်ဓားပြ ၁၄ ဦး ခန့်သည် အမေရိကန်ပိုင်ဟု ယူဆရသော စစ်သင်္ဘောတစ်စင်းနှင့် မမျှော်လင့်ဘဲ တွေ့ဆုံရပြီး အဆိုပါ စစ်သင်္ဘောက ဓားပြအားလုံးကို ဖမ်းဆီးကာ ၎င်းတို့၏မော်တော်ကို ဖျက်ဆီးပစ်ခဲ့သည်ဟု ငါးလုပ်ငန်းဝန်ကြီး အဒူကာလ်ဒီယာ မူဆီယူဆွတ်က ပြောကြားသည်။ မည်သည့်နိုင်ငံမှ စစ်သင်္ဘောဖြစ်သည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဝန်ကြီးက ထပ်မံပြောကြားသည်။

မကြာသေးမီကလည်း ပြင်သစ်နှစ်ဦး လိုက်ပါလာသော ရွက်လှေကို အန္တရာယ်ထူပြောသည့် ဆိုမာလီကမ်းလွန်တွင် ပင်လယ်ဓားပြများက ဖမ်းဆီးသွားသည်။ ၎င်းဓားစာခံနှစ်ဦးလွတ်မြောက်ရေးကို ပြင်သစ်ရေတပ်ဖွဲ့က ကြိုးစားလျက်ရှိရာတွင် ဓားစာခံများ အန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နှင့် အာဖဂန်နစ္စတန်

စစ်ဘေးဒုက္ခမြင်ကွင်းများ

အီရတ်၌ အမေရိကန်တပ်ဖွဲ့ သေဆုံးသူဦးရေ ၄၁၅၅ ဦးရှိ

ဝါရှင်တန် စက်တင်ဘာ ၈

အီရတ်စစ်ပွဲစတင်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၇ရက်အထိ အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း၄၁၅၅ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထိုသေဆုံးသူများစာရင်းတွင် အရပ်ဘက်တပ်ဖွဲ့ဝင်ရှစ်ဦးလည်း ပါဝင်သည်။ တိုက်ပွဲများအတွင်း ၃၃၇၅ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု စစ်ဘက်က ပြောကြားသည်။

ပြီးခဲ့သော သောကြာနေ့နံနက် ၁၀ နာရီခန့်တွင်ရရှိသော အမေရိကန် ကာကွယ်ရေးဌာန၏ သေဆုံးမှုစာရင်းနှင့် အေပီသတင်းဌာနစာရင်းတို့ ကိုက်ညီသည်။ ထိုစာရင်းတွင် ဗြိတိန်တပ်ဖွဲ့မှ ၁၇၆ဦး၊ အီတလီ ၃၃ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေးဒိုး ငါးဦး၊ ဆလိုဗက်ကီးယား လေးဦး၊ လက်ဗီးယားနှင့် ဂျော်ဂျီယာ သုံးဦးစီ၊ အက်စတိုနီးယား၊ နယ်သာလန်၊ ထိုင်း၊ ရိုမေးနီးယား နှစ်ဦးစီနှင့် သြစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ တောင်ကိုရီးယားတို့ တစ်ဦးစီသေဆုံးခဲ့သည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား အမေရိကန်ပူးပေါင်းတပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၉

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် စက်တင်ဘာ ၉ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခြင်းကြောင့် အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့ဝင်သုံးဦးနှင့် ၎င်းတို့နှင့် အလုပ်လုပ်ကိုင်နေသော အာဖဂန် ကန်ထရိုက်တာတစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် ပြည်နယ်နှင့် သေဆုံးသူတပ်ဖွဲ့ဝင်များ၏ နိုင်ငံကို ပြောကြားခြင်းမရှိကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် စစ်ဆင်ရေးပြုလုပ်နေသည့် တပ်ဖွဲ့ဝင်အများစုသည် အမေရိကန် တပ်ဖွဲ့များဖြစ်သည်ဟု ဆို၏။ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဘက်နှင့် တောင်ဘက်တွင်လည်း ညလုံးပေါက် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့နှင့်အာဖဂန်တပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၂၃ ဦး သေဆုံးကြောင်းသိရသည်။ ***အင်တာနက်။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ပိုင်း အဇာမီယာဒေသအနီးတွင် အီရတ် ပြည်သူများ၏ ယာဉ်အသွား/အလာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လုပ်အားပေးသူများက ရှာဖွေစစ်ဆေးမှုပြုလုပ်နေသည်ကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်နိုင်ငံတွင် လမ်းဘေးဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်တွင် လမ်းဘေးဗုံးကွဲ ဟော်လန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

အမ်စတာဒမ် စက်တင်ဘာ ၉

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် မြောက်အတ္တလန္တိတ် စစ်စာချုပ် အဖွဲ့ (နေတိုး)ဦးဆောင်သည့် တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဟော်လန် တပ်ဖွဲ့ဝင်တစ်ဦးသည် စက်တင်ဘာ ၇ ရက်က လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် သေဆုံးသွားကြောင်း ဟော်လန်ကာကွယ်ရေးဝန်ကြီးဌာန က ပြောကြားသည်။

တာရင်ကွတ်မြို့၏မြောက်ဘက် ကီလိုမီတာ ၂၀ (၁၂ဒသမ၄)မိုင်ခန့် အကွာတွင် အသက်(၂၁)နှစ်ရှိ ဟော်လန်တပ်ဖွဲ့ဝင် ဂျို့စ်တင်းဘရင်ကီး သေဆုံးကြောင်း ဝန်ကြီးဌာန၏ကြေညာချက်တွင် ဖော်ပြထားသည်။

အခြားတပ်ဖွဲ့ဝင်ငါးဦးလည်း ဒဏ်ရာရရှိကြရာ ၎င်းတို့အနက်မှ တစ်ဦးသည် စိုးရိမ်ရသောအခြေအနေရှိသည်ဟု ဝန်ကြီးဌာနက ပြောကြားသည်။

တနင်္ဂနွေနေ့ကသေဆုံးသော တပ်ဖွဲ့ဝင်အပါအဝင် အာဖဂန်နစ္စတန် တွင် သေဆုံးသော ဟော်လန်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၇ ဦးရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နေတိုးတပ်ဖွဲ့များ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားနှစ်ဦး သေဆုံး

ကဘူးလ် စက်တင်ဘာ ၉

အာဖဂန်နစ္စတန်အစိုးရနှင့် နိုင်ငံစုံတပ်များ လေကြောင်းတိုက်ခိုက်မှု အရှိန်မြှင့်တင်လာရာ စက်တင်ဘာ ၉ ရက်က ခို့စ်ပြည်နယ်အရှေ့ပိုင်းတွင် နေတိုးတပ်ဖွဲ့များ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားနှစ်ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ယင်းအချိန်အတောအတွင်း လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် ပူးပေါင်းတပ်ဖွဲ့ဝင် သုံးဦးနှင့် အာဖဂန်ကန်ထရိုက်တာတစ်ဦး သေဆုံးကြောင်း ပူးပေါင်းအဖွဲ့က ပြောကြားသည်။

အာဖဂန်နှင့် ကုလသမဂ္ဂတာဝန်ရှိသူများက သြဂုတ် ၂၂ ရက်၌ အလီဇာဘတ်ကျေးရွာတွင် အမေရိကန်အထူးတပ်ဖွဲ့များ စစ်ဆင်ရေးပြုလုပ်စဉ် အရပ်သား ၉၀ ခန့် သေဆုံးခဲ့သည်ဟု ပြောကြားသည်။ ***အင်တာနက်။***

ကမ္ဘောဒီးယားနိုင်ငံတွင် တင့်ကားမြေမြှုပ်ဗုံး ပေါက်ကွဲသဖြင့် ငါးဦးသေဆုံး၊ သုံးဦး ဒဏ်ရာရ

ဖနွမ်းပင် စက်တင်ဘာ ၉

ကမ္ဘောဒီးယားနိုင်ငံရှိ ယခင်အစွန်းရောက် ကွန်မြူနစ်ပြောက်ကျားများ ကြီးစိုးရာနယ်မြေတွင် ထရပ်ကားတစ်စီးမှာ တင့်ကားဖျက် မြေမြှုပ်ဗုံးတစ်လုံး ကို နင်းမိသဖြင့် အနည်းဆုံး ငါးဦးသေဆုံးပြီး၊ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ ကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၇ ရက်တွင် ပြောကြားသည်။

အဆိုပါမတော်တဆမှုသည် အင်န်လောင်ဂ်ဗင့်ဂ်ဒေသ အနောက်မြောက် ပိုင်းတွင် သောကြာနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းထရပ်ကားပေါ်တွင် အမျိုးသမီးများနှင့် ကလေးများပါဝင်ပြီး ဆန်စက်သို့ပို့မည့် ဆန်များကို တင်ဆောင်လာကြောင်း သိရသည်။

ယင်းဒေသသည် ၁၉၉၈ခုနှစ်ကတည်းက ချုပ်ငြိမ်းသွားသည့် ခမာနီ ပြောက်ကျားများ တပ်စွဲခဲ့ရာ ထိုင်းနယ်စပ်အနီးတွင် ရှိသည်။ မကြာသေးမီက မိုးရွာသွန်းသဖြင့် မြေကြီးများပျော့လာကာ မြေမြှုပ်ဗုံးများလမ်းမပေါ်သို့ ပြူထွက် ခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ မင်န်လေးက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဆယ်စုနှစ်တစ်စုခန့် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ နိုင်ငံအတွင်း၌ မြေမြှုပ်ဗုံးများ ကျန်ရှိခဲ့ပြီး ကမ္ဘာပေါ်တွင် မြေမြှုပ်ဗုံးအများ ဆုံးကျန်ရှိသောနိုင်ငံဖြစ်သည်။ ကျေးလက်ဒေသများတွင် ယခုတိုင် မြေမြှုပ်ဗုံး လေးသန်းနှင့် ခြောက်သန်းခန့် ကျန်ရှိနေသေးသည်ဟု ယူဆရသည်။

မိုင်းရှင်းလင်းရေးအဖွဲ့မှ နိုင်ငံအတွင်းရှိ စတုရန်းကီလိုမီတာ ၄၀၀ (၁၅၅ စတုရန်းမိုင်)အကျယ်အထိ ရှင်းလင်းပြီးသော်လည်း အခြားစတုရန်း ကီလို မီတာ ၄၀၀၀ မှာ ယခုတိုင် ရှင်းလင်းရန် ကျန်ရှိနေဆဲဖြစ်ကြောင်း ကမ္ဘော ဒီးယား မိုင်းရှင်းလင်းရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ လီဆိုချာက ဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် မိုင်းကြောင့်နှစ်စဉ် ပြည်သူ ၄၅၀ ခန့် သေဆုံးရ ပြီး အစောပိုင်းနှစ်များထက် အရေအတွက် ၈၀၀ခန့် လျော့နည်းလာခြင်းဖြစ် သည်။ မိုင်းဒဏ်ခံရသူအများစုမှာ ကိုယ်လက်အင်္ဂါချို့တဲ့ကြရသူများ ဖြစ် ကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေ တိုးလာ

အစ္စလာမ္မာဘတ် စက်တင်ဘာ ၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် စနေနေ့က အပျက်အစီးများကြားမှ သေဆုံးသူများ၏ အလောင်းများကို ထပ်မံရှာဖွေ တွေ့ရှိသောကြောင့် သေဆုံးသူဦးရေမှာ တိုးလာပြီး ၃၀ ကျော်အထိ ရှိသွားပြီဖြစ်သည်။

အနောက်မြောက်နယ်စပ်ပြည်နယ် ပါရှဝါမြို့တော် ခိုဟက်လမ်းရှိ ရဲစခန်းကို ပေါက်ကွဲစေတတ်သော လက်နက်ခဲယမ်းများ အပြည့်တင်ထားသည့်ကားက ဝင်ရောက်တိုက်ရာ ပေါက်ကွဲမှုဖြစ်ခဲ့ရသည်။ ထိုပေါက်ကွဲမှုကြောင့် ရဲစခန်းအနီးရှိ အဆောက်အအုံနှစ်ခု ပြိုကျခဲ့ပြီး အပျက်အစီးများအောက်တွင် လူအများအပြား ပိမိနေသည်။

ထိုပေါက်ကွဲမှုတွင် လူ ၃၀ သေဆုံးပြီး ၈၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ရှဖ်အလမ်၏ ပြောကြားချက်ကို ကိုးကား၍ နယူးနက်ဝေါ့စ် အင်တာနေရှင်နယ် (အင်န် အင်န်အိုင်) သတင်းဌာနက ဖော်ပြသည်။

ယင်းအဖြစ်အပျက်အတွင်းရဲတပ်ဖွဲ့ဝင် နှစ်ဦးလည်း ပျောက်ဆုံးလျက်ရှိသည်ဟု အလမ်က ပြောကြားသည်။ ကယ်ဆယ်ရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ သေဆုံးသူဦးရေသည် တိုးလာနိုင်သည်ဟု သတင်းက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံတွင် မြေပြို၊ ၃၄ ဦး သေဆုံး

ပေကျင်း စက်တင်ဘာ ၉

တရုတ်နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် မြေပြိုကျမှုဖြစ်ပွားခဲ့ရာ ၃၄ ဦး သေဆုံးကြောင်းနှင့် အရေအတွက် မသိရသေးသော လူများမှာ ပိတ်မိလျက်ရှိကြောင်း ပြည်တွင်းသတင်းဌာနတစ်ခုက ဖော်ပြသည်။

ကျောက်တုံးများနှင့် ရွှံ့နွံများ စီးဆင်းလာသဖြင့် ရှန်ဇီပြည်နယ်တွင် မိုင်းဂိုဒေါင်တစ်လုံး ပျက်စီးသွားကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

မြေပြိုကျ

ရှန်းဖင်ခရိုင် လင်ပင်မြို့တွင် နံနက် ၈ နာရီ၌ မြေပြိုကျသောအခါ ဂိုဒေါင်အတွင်း၌ လူမည်မျှပိတ်မိနေသည်ကို မသိရသေးပေ။

ရဲတပ်ဖွဲ့ဝင် ၃၀၀ ကျော်နှင့် ရွာသူ၊ ရွာသားများက အသက်မသေဘဲ ကျန်ရှိနေသူများကို ရှာဖွေနေဆဲဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

လူတစ်ဦး ဒဏ်ရာရရှိကြောင်း နှင့်အခင်းဖြစ်ပွားရာနေရာမှ ၂၂ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း နိုင်ငံပိုင် တရုတ်အသံလွှင့်ဌာနက ကြေညာသွားသည်။ ***အင်တာနက်။***

ရေလျှံနေသော ကျောက်မီးသွေးတွင်း၌ အလုပ်သမား ၂၀ခန့် ပိတ်မိနေ

ပေကျင်း စက်တင်ဘာ ၉

တရုတ်နိုင်ငံ၌ စက်တင်ဘာ ၇ ရက်က ရေကြီးမှုကြောင့် သတ္တုတွင်း အလုပ်သမား ၂၀ ခန့် ကျောက်မီးသွေးတွင်း၌ပိတ်မိနေကြောင်း ပြည်တွင်းမီဒီယာက ဖော်ပြသည်။

ရေလျှံနေသောမိုင်းတွင်းသည် ဟီနန်ပြည်နယ်အလယ်ပိုင်း ယူကျိုးဒေသတွင်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။ ဖြစ်ပွားမှုအသေးစိတ်ကို ပြောကြားခြင်းမရှိချေ။ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ကျောက်မီးသွေး ထုတ်လုပ်သုံးစွဲသူဖြစ်သည်။ ၂၀၀၇ခုနှစ်တွင် ဓာတ်ငွေ့ပေါက်ကွဲခြင်း၊ ရေကြီးခြင်းနှင့် အခြားမတော်တဆမှုများကြောင့် တရုတ်ကျောက်မီးသွေးတွင်း အလုပ်သမား ၃၇၈၆ ဦး သေဆုံးခဲ့သည်။ ထိုကိန်းဂဏန်းသည် ၂၀၀၆ခုနှစ်နှင့်နှိုင်းယှဉ်လျှင် သေဆုံးမှု ၂၀ ရာခိုင်နှုန်း လျော့နည်းသွားခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် စာတတ်မြောက်ရေးလုပ်ငန်းများ

အောင်ကြည်ညွှန့်(တက္ကသိုလ်)

နှစ်စဉ်နှစ်တိုင်း စက်တင်ဘာလ ၈ ရက်နေ့တွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပွဲများကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ကမ္ဘာတစ်ဝန်း ကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ပညာရေးဝန်ကြီးဌာနက ကြီးမှူးကာ နိုင်ငံအဆင့် အထိမ်းအမှတ်ပွဲအဖြစ် ဆောင်ရွက်ပါသည်။

၂၀၀၈ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ကျရောက်ခဲ့သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် (၄၃) ကြိမ်မြောက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့၏ နှစ်တစ်ရာကျော် အုပ်စိုးခံရမှုကြောင့် စာမတတ်မှုဆိုသည့် အမွေဆိုးကို ခံစားခဲ့ရပြီး လွတ်လပ်ရေးရသည်နှင့် စာတတ်မြောက်ရေးလုပ်ငန်းကို အထူးအလေးပေး ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

လွတ်လပ်ရေးရပြီးစကာလ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ထို့ကြောင့် ပြည်သူများ၏ စာတတ်မြောက်ရေးဆိုင်ရာ လူထုပညာရေးစီမံကိန်း၊ ဘဝသစ်ဖန်တီးမှုစီမံကိန်းများဖြင့် စတင်အကောင်အထည်ဖော်ခဲ့ကြရသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင် အရှေ့စံပြကျေးရွာတွင် ရန်ကုန်ဆရာအတတ်သင် သင်တန်းသားလေးဦးက တစ်လတာ စမ်းသပ်သုတေသနပြုပြီး ကျေးရွာလူထုနှင့် အတူနေကာ စာပေများ သင်ကြားပေးခဲ့သည်မှစ၍ **'အသုံးလုံးကျေ'** ခေါ်သည့် စာမတတ်သူပပျောက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။

ကျောင်းပြင်ပပညာရေးဟူသော ပညာရေးဆိုင်ရာဝေါဟာရသည် ထိုအချိန်မှစတင်ကာ **'ခေတ်စား'**၍ အသုံးတွင်ကျယ်လာပါတော့သည်။ အဆိုပါဝေါဟာရမှာ စာတတ်မြောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုဆိုင်ရာ ဝေါဟာရတစ်ခုပင် ဖြစ်ပါသည်။ **'ကျောင်းပြင်ပ ပညာရေး'**သည် ယခင်ကာလများက ဆောင်ရွက်ခဲ့သော **'အသုံးလုံးကျေ'** သင်တန်းများနှင့် တူသယောင်ရှိသော်လည်း အနှစ်သာရမှာအလွန်ပင် ကွာခြားသွားသည်ကို တွေ့ရှိနိုင်ပေသည်။ ကျောင်းပြင်ပပညာရေးသည် **'အသုံးလုံးကျေ'** သင်တန်းနေရာတွင် အစားထိုးဝင်ရောက်လာခဲ့သော စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လုပ်နည်းလုပ်ဟန်နည်းပညာအသစ် တစ်ခုပင်ဖြစ်သည်။

ကျောင်းပြင်ပ ပညာရေးသည် သက်ကြီးစာမတတ်သူများအား အရေး၊ အဖတ်၊ အတွက်သာ သင်ကြားပေးပြီး ရပ်တန့်သွားသော နည်းစနစ်တစ်ခုမဟုတ်ဘဲ ရှေ့ဆက်ရမည့်လုပ်ငန်းများ ရှိနေပြီးဖြစ်သည်။

ရှေ့ဆက်လုပ်ဆောင်ရမည့် အစီအစဉ်ကို **'စဉ်ဆက်ပညာရေး'** (Continuous Education) ဟုခေါ်ဆိုပြီး လုပ်ငန်းစဉ်ပြဆိုချက်များကို **'ယူနက်စကို'** အဖွဲ့ကြီးမှ ပညာရှင်များက ရေးဆွဲထားသည်။

စဉ်ဆက်ပညာရေး အစီအစဉ်တွင် အရေး၊ အဖတ်၊ အတွက် ပြီးဆုံးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်၊ အနာဂတ်ဦးတည် ပညာရေး အစီအစဉ်၊ တစ်ဦးချင်းဝါသနာပါရာလုပ်ငန်းအစီအစဉ်၊ ဘဝသာယာရေးအစီအစဉ်နှင့် ကျောင်းတွင်းပညာရေးနှင့် တန်းညှိအစီအစဉ်များသည် စာတတ်မြောက်ပြီးစ ပုဂ္ဂိုလ်များအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနက အထူးဦးစားပေး ဆောင်ရွက်နေသော ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကျေးလက်ပြည်သူများထံ စာအုပ်၊ စာပေများ ရောက်ရှိရေး၊ စာဖတ်အားကောင်းလာစေရန် စာဖတ်ဝိုင်းများ၊ စာဖတ်ခန်းများ၊ စာပေဆွေးနွေးပွဲများ၊ ဟောပြောပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးနေမှုကလည်း စာတတ်မြောက်ရေးလုပ်ငန်းများကို အထူးအထောက်အကူပြုလျက်ရှိ။

နိုင်ငံတော်က အသုံးလုံး ကြီးကြပ်ညှိနှိုင်းရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီးနောက် ၁၉၆၉ ခုနှစ် မိတ္ထီလာခရိုင်မှ အစပြုကာ ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲများကို ဆင်နွှဲနိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးဆိုင်ရာ လူထုပါဝင်ပူးပေါင်း လှုပ်ရှားမှုကို အားပေးချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၁ ခုနှစ်တွင် **'မိုဟာမက်ရေဇာပါလာဗီ'** ဆုနှင့် ၁၉၈၃ ခုနှစ်တွင် **'နိုမာ'**ဆုများကို မြန်မာနိုင်ငံသို့ ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေး စီမံကိန်းကြီးအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ လက်အောက်ခံ အဖွဲ့အစည်းကြီးများဖြစ်ကြသည့် **'ယူနက်စကိုအဖွဲ့ကြီး'**နှင့် **'ယူနီဆက်'** အဖွဲ့ကြီးတို့က စာရွက်စာတမ်း၊ စာကူးစက်၊ လက်နှိပ်စက်၊ အောက်လင်းဓာတ်မီးများကို ပံ့ပိုးကူညီပေးခဲ့သည်။

၁၉၉၀ပြည့်နှစ်တွင် စာတတ်မြောက်ရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီးကို ထိုင်းနိုင်ငံ ဂျွန်တီယံမြို့၌ ကျင်းပခဲ့သည်။ အဆိုပါ ကမ္ဘာ့ညီလာခံကြီးက **'လူတိုင်းအတွက် ပညာရေး'**ဟူသည့် ပညာရေးပေါ်လစီကို ချမှတ်ပေးခဲ့ရာ အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သော မြန်မာနိုင်ငံကလည်း **'လူတိုင်းအတွက် ပညာရေး'** ဆိုင်ရာလုပ်ငန်းများကို စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သည်။

အမှန်ဆိုရပါလျှင် ယခင် **"အသုံးလုံးကျေ"** စာမတတ်သူပပျောက်ရေး စီမံကိန်းတွင် စာတတ်ပြီးလျှင် ဘာကိုဆက်လုပ်ရမည်ကို တိတိပပ လမ်းညွှန်လုပ်ဆောင်မပေးနိုင်သေးသည့်အလျောက် စာတတ်ပြီးသူများ စာဆက်ဖတ်ရန် စာဖတ်ဝိုင်း၊ စာဖတ်ခန်းများ၊ စာကြည့်တိုက်များ ထူထောင်ရန်ဟူ၍သာ ရှေ့လုပ်ငန်းစဉ်များကို ရေးဆွဲထားရှိ နိုင်ခဲ့ပါသည်။

ယခင်အခါများက စာတတ်မြောက်ရေးစီမံကိန်း အကောင်အထည်ဖော်ရန် ကော်မတီဖြင့်သာ အကောင်အထည်ဖော်ခဲ့သော်လည်း ယခုအခါ ပညာရေးဝန်ကြီးဌာနက ကျောင်းပြင်ပပညာရေးစီမံကိန်းကြီးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် Focal Institution လုပ်ငန်း ပင်မဌာနကို မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနအား တာဝန်ပေးအပ်ထားသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့များမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အခြားသော ဆက်စပ်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ ပါဝင်သော ကျောင်းပြင်ပ ပညာရေးဦးစီးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။

ထို့ပြင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ ကျောင်းပြင်ပ ပညာရေး ကော်မတီများကိုလည်း အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့

၂၀၀၈ ခုနှစ် စက်တင်ဘာ(၈)ရက်

INTERNATIONAL LITERACY DAY
8 September 2008

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နယ်စပ်ဒေသ အသုံးလုံးလုပ်ငန်းစီမံကိန်းကို ၁၉၉၆ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ ယခင်က မငြိမ်းချမ်းခဲ့သော နယ်စပ်ဒေသများသည် ယခုအခါ အေးချမ်းတည်ငြိမ်လာပြီဖြစ်သဖြင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ အသုံးလုံး၏ အခန်းကဏ္ဍသည်လည်း ထင်ရှားစွာပါဝင်ပြီး တိုးတက်လျက်ရှိသည်ကို တွေ့ရပါသည်။

ယခင်ကာလများက စာတတ်ပြီးစ သက်ကြီးများ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာအုပ်စာတမ်းရရှိရေး၊ စာဖတ်ခန်း၊ စာဖတ်ဝိုင်းများ ဆောင်ရွက်ရေး စသည့်လုပ်ငန်းများမှာ ထင်သလောက် မပေါက်ခဲ့နိုင်ပါ။ ယနေ့ကာလတွင် နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာစာကြည့်တိုက်များကို လူထုလှုပ်ရှားမှုအသွင် ကိုယ့်အားကိုယ်ကိုးစေတနာရှင်များ၊ ပြည်သူများက တက်ကြွစွာပါဝင်မှုဖြင့် စာကြည့်တိုက်ပေါင်း ၅၅၇၅၅ ကို ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် စာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲ မဖြစ်မနေလုပ်ဆောင်ရမည့် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်ခန်း၊ စာဖတ်ဝိုင်းများ ဖော်ဆောင်ရေးမှာ ရေကန်အသင့်ကြာအသင့် ဖြစ်လာသဖြင့် စာတတ်မြောက်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာသည်ဟု ဆိုရပါမည်။

စာတတ်မြောက်ရေးလုပ်ငန်းများတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်များ၊ အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအသင်းများ၊ အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ စာတတ်မြောက်ရေးလုပ်ငန်းကို စိတ်ပါဝင်စားပြီး ကူညီပံ့ပိုးမှုများ၊ လှူဒါန်းမှုများ ပြုကြသဖြင့် စာတတ်မြောက်ရေးလုပ်ငန်းများ အောင်မြင်နေခြင်းဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနက အထူးဦးစားပေးဆောင်ရွက်နေသော ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကျေးလက်ပြည်သူများထံ စာအုပ်၊ စာပေများ ရောက်ရှိရေး၊ စာဖတ်အား ကောင်းလာစေရန် စာဖတ်ဝိုင်းများ၊ စာဖတ်ခန်းများ၊ စာပေဆွေးနွေးပွဲများ၊ ဟောပြောပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးနေမှုကလည်း စာတတ်မြောက်ရေး လုပ်ငန်းများကို အထူးအထောက်အကူပြုလျက်ရှိပေသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့အနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် **'ရပ်ရွာပညာပဒေသာဌာန'**များကို မြို့နယ်ပညာရေးဌာန မြို့နယ်နှင့် ကျေးရွာအာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထူထောင်ပေးခဲ့သည်မှာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ရပ်ရွာပညာပဒေသာဌာနပေါင်း ၂၀၀၆ ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။

ရပ်ရွာပညာပဒေသာဌာနဆိုသည်မှာ ကျောင်းပြင်ပ ပညာရေးစီမံကိန်း၏ နောက်ဆက်တွဲလုပ်ငန်းများဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း၊ ဝင်ငွေတိုးရေးလုပ်ငန်း၊ တစ်ဦးချင်း ဝါသနာပါရာ လုပ်ငန်းအစီအစဉ်များ၊ ဘဝသာယာရေး အစီအစဉ်များကို ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်နေကြသော ကျေးလက်ဖွံ့ဖြိုးမှုအတွက် လုပ်ငန်းများပင်ဖြစ်သည်။

ပညာခေတ်တွင် ခေတ်မီအိုင်တီနည်းပညာများ မည်မျှပင် တိုးတက်သည်ဟု ဆိုစေကာမူ ကျေးလက်ဒေသများ၊ မြို့ကြီးပြကြီးများရှိ အလုပ်သမားများ အတွင်း အခြေခံစာတတ်မြောက်ရန် ကျန်ရှိနိုင်သေးသည်ကို သတိပြုပြီး ပြည်သူများ တစ်ယောက်မကျန် အခြေခံစာတတ်ရန် ကောက်သင်းကောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေးအစီအစဉ်တွင် ကျောင်းပြင်ပ ပညာရေးကဏ္ဍဖြင့် စာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းက နည်းပညာများ၊ လုပ်ငန်းအထောက်အကူပြု ပစ္စည်းများနှင့် နိုင်ငံတကာ စာတတ်မြောက်ရေးလုပ်ငန်းများနှင့် ဆက်စပ်ပူးပေါင်း ဆောင်ရွက်နိုင်ရန် အကူအညီပေးနိုင်သည့် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနကြီး (Myanmar Literacy Resource Centre) တစ်ခုကို ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးနှင့် ညှိနှိုင်း၍ ၂၀၀၀ ပြည့်နှစ် ဧပြီလအတွင်းက ဖွင့်လှစ်ခဲ့ပါသည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနကြီးသည် အစိုးရမဟုတ်သော NGO အဖွဲ့ကြီးတစ်ခုဖြစ်ကာ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးဆိုင်ရာ လုပ်ငန်းများတွင် လူအား၊ ပစ္စည်းအား၊ နည်းပညာအား စသည်ဖြင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်လျက်ရှိပါသည်။

အာရှနှင့် ပစိဖိတ်ဒေသတွင်လည်း စာတတ်မြောက်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနများကို ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ပါပူးဝါးနယူးဂီနီ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံများ၌ ထူထောင်ဖွင့်လှစ်ထားပြီး ဖြစ်သည်။ မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလုပ်ငန်းများကို စီမံကိန်းများ ချမှတ်ကာ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ၂၀၀၈ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်း **'၉၄ ဒသမ ၈၃'** ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

ယနေ့ ပညာခေတ်ကြီးတွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာ၌ အခြေခံကျသည့် စာတတ်မြောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကမာနတ် (ပဲခူး)-မြောင်းတကာ 230 KV မဟာဓာတ်အားလိုင်း တာဝါတိုင်များ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၂-လျှပ်စစ်)

ကမာနတ်ပင်မဓာတ်အားခွဲရုံနှင့် လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၇ ရက်တွင် တာဝန်ရှိသူများ လိုက်ပါလျက် ကမာနတ်(ပဲခူး) ပင်မဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ Switch Yard တည်ဆောက်ခြင်းလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ပင်မဓာတ်အားခွဲရုံခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်နှင့် စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်တို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်သွားမည့် အစီအစဉ်၊ ကမာနတ်(ပဲခူး) သန်လျင်(ဘုရားကုန်း) 230 KV မဟာဓာတ်အားလိုင်း၊ တာဝါတိုင်တည်ဆောက်မှုနှင့် သာကေတ-သန်လျင် မဟာဓာတ်အားလိုင်းတာဝါတိုင်တည်ဆောက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကမာနတ်(ပဲခူး)-မြောင်းတကာ 230 KV ဓာတ်အားလိုင်းနှင့် ကမာနတ်(ပဲခူး)-ဘုရားကုန်း(သန်လျင်) 230 KV မဟာဓာတ်အားလိုင်းများသည် ရန်ကုန်မြို့ရှိပြည်သူများနှင့် စက်မှုဇုန်များလျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်စေရေးအတွက် အရေးပါသော စီမံကိန်းလုပ်ငန်းများ ဖြစ်ကြောင်း၊ မဟာဓာတ်အားလိုင်း တာဝါတိုင် တည်ဆောက်ခြင်း လုပ်ငန်းများ သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးပါက ပိုမိုအကျိုးရှိနိုင်မည်ဖြစ်၍စနစ်တကျနှင့် အမြန်ဆုံးပြီးစီးအောင် တာဝန်ရှိသူများက စေတနာထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မှန်းလွဲပိုင်းတွင် လှော်ကား သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားခွဲရုံ Switch Yard အသစ် တိုးချဲ့တည်ဆောက်မှုအတွက်သံကူကွန်ကရစ်ကျောက်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် လမ်းဘေးနှစ်ဖက် သန့်ရှင်းသာယာလှပစေရေး၊ ယာဉ် အဝင်အထွက်နှင့် ပတ်လမ်းဖောက်လုပ်ဆောင်ရွက်မည့်အခြေအနေ၊ Capacitor Bank တည်ဆောက်မည့် မြေနေရာ၊ မြောင်းတကာပင်မခွဲရုံမှ 230 KV ဓာတ်အားလိုင်းအဝင်နှင့် သာကေတသို့အထွက် ဓာတ်အားလိုင်းများ ချိတ်ဆက်တည်ဆောက်မည့် အခြေအနေ၊ ဓာတ်အားခွဲရုံနှင့် Switch Yard တိုးချဲ့တည်ဆောက်မည့် မြေနေရာလျာထားသတ်မှတ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရာသီဥတုပြောင်းလဲမှုများနှင့် သက်ဆိုင်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် (NCEA)၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (UNEP)၊ ဟန်းဆိုက်ဒယ်ဖောင်ဒေးရှင်း(HSF)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် "ရာသီဥတု ပြောင်းလဲမှုများနှင့် သက်ဆိုင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၈ နာရီခွဲတွင် သစ်တောသုတေသနဌာန ရေဆင်း၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး ဦးစန်းလွင် တက်ရောက်၍ အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး UNEP/ROAP နှင့် ဟန်းဆိုက်ဒယ်ဖောင်ဒေးရှင်း (HSF)တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ နံနက်ပိုင်း အစီအစဉ်တွင် အပြည်ပြည်ဆိုင်ရာနှင့် အာရှနိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းနှင့်သက်ဆိုင်သည့် မူဘောင်ဥပဒေများ၊ မူဝါဒများ (Climate Change-lssues, Law and Policy)နှင့် သက်ဆိုင်သည့် စာတမ်းများကို Dr. Natarika Vayuparb Cooper, Dr. Wanhua Yang နှင့် ဦးစန်းလွင်(ရွှေနေချုပ်ရုံး)တို့က ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထို့နောက် ညနေပိုင်း အစီအစဉ်တွင် Climate Change-Issues, Law and Policy နှင့် သက်ဆိုင်သည့် စာတမ်းများကို Professor Wang Mingyuan နှင့် ဒေါက်တာ ဥမ္မာကျော် (ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့ကလည်းကောင်း၊ ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်းအကောင်အထည်ဖော်မှုများ၊ (lmplementation of Climate Change Policy and Law)နှင့် သက်ဆိုင်သည့် စာတမ်းများကို Mr. Manjit Iqbal, Dr. Natarika Vayuparb Cooper နှင့် Mr. Syamphone Sengehandala တို့ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂ မှ ၁၉၈၈ (၉၁) ပညာသင်နှစ် ဥပဒေဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၇ ရက် နံနက်၈ နာရီက ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်းမ မဟာဌာနီစားသောက်ခန်းမ၌ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေက အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် အတွင်းရေးမှူး ဦးခင်မောင်မြင့်၊ ဘဏ္ဍာရေးအဖွဲ့မှ ဒေါ်မေထွန်းထွန်းအေးနှင့် တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းကြပြီး အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဖုန်း - ၀၉ - ၅၀-၁၂၀၆၀၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၃၈၉၆၅၁ (ရုံး)၊ ဦးတင်ဝင်းလှိုင် ဖုန်း-၀၉-၅၁-၁၃၈၃၃၊ ဒေါ်ခင်သင်းဝေ ဖုန်း-၀၉-၅၁-၄၄၈၁၂၊ ဒေါ်မင်းမင်းကျော် ဖုန်း-၀၉-၅၀-၀၆၇၆၉၊ ဒေါ်ကျော့မြခင် ဖုန်း-၀၉-၅၀-၀၇၅၅၇၊ဦးသိန်းလွင်ဦး ဖုန်း-၀၉-၉၉-၇၁၄၇၇၊ ဒေါ်နှင်းနှင်းအေး ဖုန်း - ၀၉-၅၁-၈၉၄၃၈၊ ဦးစိုးဝင်း ဖုန်း - ၀၉-၅၀-၀၅၀၁၄၊ ဦးယူနစ် ဖုန်း - ၀၉-၅၀-၂၂၇၄၂၊ ဦးခင်မောင်စိုး ဖုန်း-၀၉-၈၅-၀၂၆၀၀၊ ဦးထိန်လင်းဦး ဖုန်း-၀၉-၈၀၂၃၉၃၅၊ ဒေါ်မေထွန်းထွန်းအေး ဖုန်း-၇၀၄၁၆၈၊ ဒေါ်ရီမာသန့် ဖုန်း-၀၉-၅၁-၃၇၆၀၀၊ ဒေါ်တင်တင်သန်း ဖုန်း-၅၀၀၀၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၅။	မြန်မာစာမြန်မာစကား
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	**ကာတွန်းအစီအစဉ် -ကျားကလေးရဲ့မွေးရပ်မြေ (အပိုင်း-၂၈)**
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**မြန်မာဗီဒီယိုဇာတ်လမ်းတွဲ - အိပ်မက်ဆိုးမှမနိုးခင် (အပိုင်း-၃)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖျူစင်ခြင်းရဲ့နောက်ကွယ် (အပိုင်း-၂၂)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မြန်မာ့သက်ရှိရတနာ သစ်ခွရိုင်းများ ရေရှည်တည်တံ့ရေးနှင့် ကာကွယ်ထိန်းသိမ်းရေးအကြောင်း ဟောပြော

နေပြည်တော် စက်တင်ဘာ ၉

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ သဘာဝပတ်ဝန်းကျင် ဗဟုသုတ ကြွယ်ဝတိုးပွားရေး အစီအစဉ်အရ (၁၃)ကြိမ်မြောက် ဟောပြောပွဲကို ဩဂုတ် ၂၉ရက်တွင် နေပြည်တော်ရှိ ရေဆင်းသစ်တောတက္ကသိုလ်၌ ကျင်းပရာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်ခွပညာရှင်ဒေါက်တာစောလွင်က "မြန်မာ့သက်ရှိရတနာ သစ်ခွရိုင်းများ ရေရှည်တည်တံ့ရေးနှင့် ကာကွယ်ထိန်းသိမ်းရေး"အကြောင်းကို ဟောပြောပြီး ဆွေးနွေးမေးမြန်းချက်များကို ဒေါက်တာစောလွင်က ရှင်းလင်းဖြေကြားသည်။

အဆိုပါရေဆင်းသစ်တောတက္ကသိုလ်၌ ဟောပြောပွဲအစီအစဉ်ကို အပတ်စဉ် သောကြာနေ့တိုင်း ပုံမှန်ကျင်းပခဲ့ရာ ဌာနတွင်းနှင့် ပြင်ပမှပညာရှင်များက ဘာသာရပ်စုံကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

စစ်ကိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၉

စစ်ကိုင်းခရိုင်၏ (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက်နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။**(အောက်ဝဲပုံ)**

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍အခြေခံပညာအဆင့်နှင့် ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင်များက ဘာသာရပ်အလိုက်ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက်က မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ကြသည်။ ပြိုင်ပွဲသို့ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်တို့မှ ပြိုင်ပွဲဝင် ၈၅ ဦးပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

*** ရှေ့ဖုံးမှ**

ဈေးကွက်မြှင့်တင်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် စီးပွားရေးအခြေခံကောင်းများ ဖြစ်ပေါ်လာအောင် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဤသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍကိုလည်း နယ်ပယ်စုံတွင် တိုးမြှင့်အားပေး ဆောင်ရွက်လျက်ရှိနေကြောင်း။

ယနေ့ ခရီးသွားလာရေးလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးပါသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်သတ်မှတ်ပြီး နိုင်ငံကြီး နိုင်ငံငယ် မခွဲခြားဘဲ အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတစ်နိုင်ငံ(သို့မဟုတ်) ဒေသတစ်ခုတွင် စီးပွားရေး တိုးတက်ကောင်းမွန်လာပြီး တစ်ဦးချင်းဝင်ငွေတိုးတက်လာသည့်အတွက် လူနေမှုအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာသည့်အတွက် အလုပ်လက်မဲ့ ပြဿနာများ လျော့နည်းလာမည်ဖြစ်ကြောင်း၊ အိမ်ရှင်နှင့် ဧည့်သည် ချစ်ခင်ရင်းနှီးမှုအပေါ် အခြေခံပြီး နိုင်ငံအချင်းချင်း ရင်းနှီးချစ်ခင်မှု ရရှိစေမှာဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းသည် စီးပွားရေးသာမက နိုင်ငံရေးနှင့် နိုင်ငံအချင်းချင်း ဆက်ဆံရေးကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း။

ယနေ့ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်း၊ ပို့ဆောင်ရေးစနစ်ကောင်းမွန်ခြင်း၊ စက်မှုလက်မှု ထွန်းကားခြင်းတို့ကြောင့် တစ်ဦးချင်း ဝင်ငွေတိုးပွားလာပြီး အချိန်ပိုအချိန်အား များရရှိလာသည့်အတွက် ခရီးသွားလာမှုများပြားလာသည်ကို တွေ့ရှိရကြောင်း၊ လေ့လာတွေ့ရှိရသည့် ကိန်းဂဏန်းများအရ ၂၀၀၆ ခုနှစ်က တစ်ကမ္ဘာလုံးသွားလာသည့် ခရီးသည်ဦးရေသည် ၈၄၆ သန်းရှိပြီး ၎င်းတို့ထံမှရရှိသည့် ဝင်ငွေသည် အမေရိကန် ဒေါ်လာ ၇၄၂ ဘီလီယံ၊ ၂၀၀၇ခုနှစ်တွင် ၈၅၆ ဘီလီယံရှိကြောင်း သိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် နယ်စပ်အဝင်အထွက်များ အပါအဝင် ၂၀၀၅-၂၀၀၆ ခုနှစ်က ခရီးသည် ၆၅၃၅၄၉ ဦး ဝင်ရောက်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၆၅၄၆၀၂ ဦး ဝင်ရောက်ခဲ့ကြောင်း။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု စသည့်နိုင်ငံရေးအပြင် သဘာဝဘေးအန္တရာယ်တို့နှင့်လည်း ပတ်သက်ဆက်နွယ်မှု ရှိနေသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အလေးထားဆောင်ရွက်နေသကဲ့သို့ သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာအောင် ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

သွားလာဆက်သွယ်ရေး လွယ်ကူကောင်းမွန်မှု၊ အခန်းများလုံလောက်မှု၊ ဆက်ဆံရေးပြေပြစ်ချောမောမှု၊ ငွေကြေးလဲလှယ်မှု၊ လုံခြုံမှုနှင့် ကြည့်ကွင်းကြည့်ကွက်ပေါများမှု စသည့် ဤအချက်များသည် ခရီးသွားလုပ်ငန်းအတွက် တိုက်ရိုက်အကျိုးပြုနေသည့် ကိစ္စများဖြစ်သည့်အတွက် ဤလုပ်ငန်းများကို အဆင်ပြေကောင်းမွန်အောင် စီမံဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ပြီး လုပ်ပိုင်ခွင့်များ ရရှိလုပ်ကိုင်နိုင်အောင် ၁၉၉၃ခုနှစ်တွင် မြန်မာနိုင်ငံ ခရီးသွားလာရေးဥပဒေကိုလည်း နိုင်ငံတော်က ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်–

(က) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ တိုးပွားလာအောင် စည်းရုံးဆောင်ရွက်ရန်။

(ခ) ပုဂ္ဂလိကလုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာအောင် အခွင့်အလမ်းများဖော်ထုတ်ပေးသွားရန်။

(ဂ) သာယာလှပသည့် ရှုကွင်းရှုကွက်များနှင့် လေ့လာစရာ ရှေးဟောင်းအမွေအနှစ်များ ပေါ်များသည့် မြန်မာနိုင်ငံကို ထင်ရှားသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်အောင် စီမံဆောင်ရွက်ရန်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်တိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

(ဃ) ASEAN, BIMSTEC, ACMECS စသည့် အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ မြန်မာနိုင်ငံအပေါ် အပြုသဘောအကောင်းမြင်သည့် နိုင်ငံများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန် စသည့်လုပ်ငန်းများကို နိုင်ငံတော်၏ ဥပဒေမူဘောင်အတွင်းမှ တက်တက်ကြွကြွ ထက်ထက်မြက်မြက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

အမှန်မှာ ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှု (Service) လုပ်ငန်းတစ်ခုဖြစ်ပြီး အခြားလုပ်ငန်းဌာနများနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် ကျယ်ပြန့်ပြီး သိမ်မွေ့နက်ရှိုင်းမှုရှိကြောင်း၊ ဤလုပ်ငန်းကရသည့် ဝင်ငွေသည် နိုင်ငံအတွင်းတွင်ရှိသည့် လူထုလူတန်းစား အသီးသီးထံသို့ စိမ့်ဝင်စီးဆင်းသွားပြီး ပြည်သူကို တိုက်ရိုက်အကျိုးပြုသော လုပ်ငန်းဖြစ်ကြောင်း။

ယနေ့ခရီးသွားလုပ်ငန်းမှရသည့် အမျိုးသားဝင်ငွေသည် လူထုထဲက ပုဂ္ဂလိက လုပ်ငန်းများထဲတွင်သာ စီးဝင်နေသည်ဖြစ်ကြောင်း။ ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံလူထု အကြားအလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာပြီး စီးပွားရေး တိုးတက်လာသကဲ့သို့ ခရီးသွားလုပ်ငန်းရုတ်တရက်ကျဆင်းသွားသည့်အခါ ပြည်သူများအနေဖြင့် ဝင်ငွေထိခိုက်လျော့နည်းသွားသည်ကို တွေ့ရကြောင်း။ သို့ဖြစ်၍ ပြည်သူ့အကျိုးစီးပွားကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်မြင့်မားလာရေးအတွက် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဆက်စပ်နေတဲ့ ဝန်ကြီးဌာနများနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အပိုင်းက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအပိုင်းကလည်း မိမိအကျိုးတစ်ခုတည်းသာ မကြည့်ဘဲ နိုင်ငံတော်၏အကျိုးအတွက်ပါ ကြည့်ပြီး အတ္တနှင့်ပရမျှတအောင် နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခုအခါ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ စားဖိုမှူးများအသင်းနှင့် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီတို့ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ လက်ရှိအနေအထားအရ ဟိုတယ်အလုံးပေါင်း ၆၀၀ ကျော်နှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီ ၇၀၀ ကျော်ရှိနေပြီဖြစ်သည့်အတွက် အချင်းချင်း တက်ညီလက်ညီ စည်းစည်းလုံးလုံးဖြင့် ခရီးသွားလုပ်ငန်းအဆင့်မြှင့်တင်ရေးကို ဟန်ချက်ညီညီ အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ပြည်ပခရီးသည်များဝင်ရောက်မှု၊ ပြည်ပမှ အပတ်စဉ် ပြေးဆွဲနေသည့် လေယာဉ်ခရီးစဉ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြည်ပလေကြောင်းခရီးစဉ်များ ရောက်ရှိမှု၊ အပျော်စီးသင်္ဘောများဝင်ရောက်မှု၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်များ ဝင်ရောက်မှု၊ ကော့သောင်နှင့် မြိတ်ကျွန်းစုဒေသတို့တွင် သွားလာနေသော ရွက်လှေခရီးစဉ်၊ ခရီးသွားလာရေးလုပ်ငန်းမှ အမျိုးသားဝင်ငွေရရှိမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဟိုတယ်နှင့် စီးပွားရေးအဆောက်အအုံများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ပြည်ပနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ခရီးသည်များအတွက် ဆိုက်ရောက်ဗီဇာများထုတ်ပေးမှုအခြေအနေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ခရီးသည်များ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် လုံခြုံရေးစီမံဆောင်ရွက်ပေးမှုအခြေအနေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများမှ ထမ်းဆောင်ရသည့် အခွန်များ အခြေအနေနှင့် FEC လဲလှယ်ပေးမှုအခြေအနေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ပြည်ပ ဘုရားဖူးသွားခရီးသည်များ အဆင်ပြေရေးအတွက် ခရီးသွားလုပ်ငန်းကုမ္ပဏီများသို့ ကူညီဆောင်ရွက်ပေးမှု အခြေအနေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပြည်ပလေကြောင်း ခရီးစဉ်များ၊ သင်္ဘောခရီးစဉ်များနှင့် ရွက်လှေခရီးစဉ်များ ချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးမည့် အခြေအနေ၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဟိုတယ်များအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား အဆင်ပြေရေး စီမံဆောင်ရွက်ပေးမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ရေးအတွက် ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ ရုပ်မြင်သံကြားမှ ခရီးသွားလုပ်ငန်းကိုဆွဲဆောင်နိုင်သော အစီအစဉ်များထုတ်လွှင့်ပေးနေမှု အခြေအနေနှင့် အင်္ဂလိပ်ဘာသာဖြင့် ဂျာနယ်များ ထုတ်ဝေဖြန့်ချိရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ခရီးသွားလုပ်ငန်း မြင့်မားရေးအတွက် e.Visa ဆောင်ရွက်ပေးနိုင်မှု အခြေအနေ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာက အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်နိုင်ငံတကာ ခရီးသွားလုပ်ငန်းများ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်မှု အခြေအနေများနှင့် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ခရီးသည်များ တည်းခိုနိုင်ရန် တည်ဆောက်ထားသည့် ဟိုတယ်များ အခြေအနေ၊ မိမိတို့နိုင်ငံတွင် သဘာဝအလှအပများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုစေတီပုထိုးများ ပေါကြွယ်လှသည့်အတွက် ခရီးသည်များအား လာရောက်လည်ပတ်အောင် ဆွဲဆောင်မှုအစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးနိုင်သည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြန်မာလူမျိုးများသည် အခက်အခဲများတွေ့ကြုံရပါက ရင်ဆိုင်ကျော်လွှားနိုင်သည့်စွမ်းအင်စွမ်းအားများရှိကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးကူညီဆောင်ရွက်ပေးနေသကဲ့သို့ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်များကလည်း တက်ညီလက်ညီဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝန်ကြီးရုံးခန်းမအတွင်း ခင်းကျင်းပြသထားသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ Tourism Exports of Myanmar မြန်မာ့ခရီးသွားလုပ်ငန်း အမျိုးအစားမှတ်တမ်း ဓာတ်ပုံများနှင့် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီးများ၏ ခရီးစဉ်မှတ်တမ်းတို့ကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး ရွက်သယ်ပိုးက
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ဘာသာပြန်စာပေများကို စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ပုံနှိပ်ထုတ်ဝေသော သုတပဒေသာစာစောင် အတွဲ (၃၅)၊ အမှတ် (၉) စာစောင်ကို အသွင်သစ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုလထုတ် သုတပဒေသာစာစောင်တွင် ကလေးငယ်တို့၏ သေမင်းရောဂါ၊ သွေးသွင်းကုသတိုင်း ကောင်းနိုင်ပါ့မလား၊ စွဲလမ်းခြင်းနှင့် နောက်တိုးစွဲလမ်းခြင်းများ၊ တရုတ်ပြည်က အထင်ရှားဆုံးပန်း ၁၂ မျိုး၊ မူကြိုအရွယ်ကလေးတွေကို ဘယ်လိုပျိုးထောင်မလဲ၊ ဘွန်စိုင်း အပင်ပုပြုပြင်မှု အနုပညာ၊ အကောင်းဆုံးဝတ်စုံ၊ သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေး၊ ငါးအတွတ်ခံပြီး အလှပြင်ကြမလား အစရှိသည့် အကြောင်းအရာများအပြင် ပါနေကျ ကဏ္ဍများဖြစ်သည့် ကျန်းမာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပုံပြင်၊ ဂန္ထဝင်ဝတ္ထု၊ သတင်းသုတနှင့် လစဉ်ကဏ္ဍများ ပါရှိပါသည်။

အဆိုပါ သုတပဒေသာစာစောင်ကို အမှတ် (၅၂၉-၅၃၁)

ကုန်သည်လမ်း ရန်ကုန်မြို့ရှိစာပေဗိမာန်စာအုပ်ဆိုင်နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဇာဒက်ကြီးကျွန်းနှင့် ခမောက်ကြီးမြို့ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၉

တနင်္သာရီတိုင်း ကော့သောင်းမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့ မြို့မဆိပ်ကမ်းမှ တပ်မတော်ရေယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၇ နာရီခွဲတွင် ဇာဒက်ကြီးကျွန်းသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်က စိုက်ပျိုးပြီးနမူနာပြသထားသည့် ပင်လယ်ရေညှိအညို၊ ပင်လယ်ရေညှိအစိမ်းနှင့် ပင်လယ်ရေညှိအခြောက်တို့ကိုလည်းကောင်း၊ ငရုတ်ကောင်း ခြံအမှတ်(၁)နှင့် အမှတ်(၂)တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဇာဒက်ကြီးကျွန်း၌ နယ်မြေခံတပ်က စိုက်ပျိုးပြီး နမူနာပြသထားသည့် ငရုတ်ကောင်းခြံများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ဇာဒက်ကြီးကျွန်း နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဇာဒက်ကြီး တွဲဖက် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကွန်ပျူတာစာသင်ခန်းနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမ၌ ဇာဒက်ကြီးကျွန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသနေ ဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများအား တွေ့ဆုံသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ဇာဒက်ကြီးကျေးရွာ တွဲဖက် အခြေခံပညာအထက်တန်းကျောင်း ပညာရေးပဒေသာပင်အတွက် အလှူငွေများနှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးထံ ပေးအပ်သည်။

ထို့နောက် ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က ကျောင်းအတွက် သင်ထောက်ကူ ကွန်ပျူတာ သုံးလုံးကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဇာဒက်ကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုးကျေးရွာ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအတွင်း နေအိမ်၊ ဈေးဆိုင်ခန်းများ၌ ဈေးရောင်းချနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဇာဒက်ကြီးကျွန်းအနီးပင်လယ်ပြင်၌ နယ်မြေခံတပ်က ကြိုးတန်းစနစ်ဖြင့် ပင်လယ်ရေညှိများ စိုက်ပျိုးထားရှိမှုတို့ကို စက်တပ်လှေဖြင့် လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တပ်မတော်ရေယာဉ်ဖြင့် ဇာဒက်ကြီးကျွန်းမှ ကော့သောင်းမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် တိုင်းမှူးတို့သည် ကော့သောင်းမြို့ နယ်မြေခံတပ်နယ် ဘုရင့်နောင်ခန်းမ၌ ကော့သောင်းမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်နှင့် တပ်ရင်းတို့မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားကာ မိသားစုဝင်များအတွက် ဗလာစာအုပ်များနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ခမောက်ကြီး မြို့မဈေး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးနှင့် လမ်းမကြီးဘေးရှိ ရေနုတ်မြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကားလမ်းဘေးဝဲယာရှိ ခမောက်ကြီးမြို့ အေးမြသီတာ ဥယျာဉ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၊ ခမောက်ကြီး ဒေသဖွံ့ဖြိုးရေး ကြီးကြပ်မှုကော်မတီရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခမောက်ကြီး အခြေခံပညာအထက်တန်းကျောင်း၌ သင်ထောက်ကူပြု စာသင်ခန်း၊ ကွန်ပျူတာစာသင်ခန်းနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခမောက်ကြီး တိုက်နယ် (၁၆)ခုတင်ဆံ့ ဆေးရုံ၌ ဆေးဝါး တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်ပြီး အားပေးစကားပြောကြားကာ ဆေးရုံ၏ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ အမျိုးသားလူနာဆောင်နှင့် အမျိုးသမီးလူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်သာအေးက ဒေသခံပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို စေတနာထား လုပ်ကိုင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

စက်တင်ဘာ ၉ ရက်က ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ညစာစားပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

ဆူးလေ-စော်ဘွားကြီးကုန်း ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၉

ရန်ကုန်မြို့ ဆူးလေ-စော်ဘွားကြီးကုန်း ပြေးဆွဲသည့် ခရီးသည်တင်ယာဉ် မထသ-၄၅ ဖူဆိုအဲယားကွန်း ဘတ်စ်တစ်စီးပေါ်၌ ယနေ့ နံနက်ပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သဖြင့် ခရီးသည်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ကမာရွတ်မြို့နယ် ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း ဇော်နိုင်စန်း မောင်းနှင်သည့် ယာဉ်အမှတ်(၄ခ/၅၄၈၁) ခရီးသည်တင်ယာဉ်သည် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် နာနတ်တောလမ်းနှင့် လှည်းတန်းမီးပွိုင့်အကြားရှိ Espace Avenir အဆောက်အအုံ ရှေ့သို့အရောက်တွင် ယာဉ်၏ နောက်ဆုံးခုံတန်း ရှေ့ယာဘက်ခုံအောက်မှ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှ ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့မှုကြောင့် နံနက် ၁၁ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်ပါခရီးသည် အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့တွင် ဦးခေါင်း နောက်စေ့ပေါက်ပြဒဏ်ရာ၊ မေးစေ့ပေါက်ပြဒဏ်ရာ၊ ယာခြေသလုံးပေါက်ပြဒဏ်ရာ၊ ယာတင်ပဆုံ ပေါက်ပြဒဏ်ရာ၊ ဝဲပခုံးစုတ်ပြဒဏ်ရာနှင့် ဝဲ/ယာ နားအူဒဏ်ရာများရရှိခဲ့ကြသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာ(အားလုံးမစိုးရိမ်ရ)အဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ယာဉ်နောက်ပိုင်း အမိုးပွင့်ထွက်ခြင်း၊ ပေါက်ကွဲမှုဖြစ်ပွားသည့် ခုံဘေး၌ အချင်းတစ်ပေခန့် ပေါက်ထွက်ခြင်း၊ အင်ဂျင်ခန်းကာရံထားသည့် မှန်ပြားပွင့်ထွက်ခြင်း၊ ရေတိုင်ကီပေါက်ပြဲခြင်း၊ ပန်ကာကျိုးပဲ့ပျက်စီးခြင်း၊ ခုံအောက်ကြမ်းခင်း ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် အေးချမ်းမှုကို လိုလားသော ပြည်သူများက တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် စစ်ဆေးရှာဖွေ ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဝိပဿနာကျင့်စဉ်" တရားတော် [ပြည်တွင်းပြည်ပသာသနာပြု ရွှေမန်းဦးသူရိယ (အစိုးရဓမ္မာစရိယဆရာတော်)]
၇း၅၀ - ၁း၅၀	Industrial Talk [ဒေါက်တာအောင်သိန်း၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၂၀ - ၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅ - ၂း၄၅	ဝေပုလ္လာရာမဆရာတော်၏ ဝိဇာတမင်္ဂလာ
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	ဂီတသမားတို့ရဲ့ရင်ခုန်သံများ "19:18 ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ"
၉း၃၀ - ၃း၃၀	Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ ဖိုးကျားဆင်စခန်း (အပိုင်း-၂)
၉း၄၀ - ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	Midweek Sport News
၁၀း၀၅ - ၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ - ၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅ -၄း၁၅	ဇင်ဇင်နှင့် ခြင်ကျား (ဇင်ဇင်ဇော်မြင့်၊လင်းလင်းဇော်မြင့်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၁၀း၂၅ - ၄း၂၅	Yangon Panorama [Total Leadershipအခွင့်အလမ်းဂျာနယ် (၃)နှစ်ပြည့်အခမ်းအနား]
၁၀း၄၅ - ၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ - ၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀	တောင်တန်းပေါ်က စိန်တစ်လုံး
၁၁း၁၅ - ၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	Fashion Guide (Style Beauty Spa တွင် ကမ္ဘာ့နောက်ဆုံးပေါ် နည်းပညာဖြင့် ဆံပင်နှင့် မိတ်ကပ်ဒီဇိုင်းများသရုပ်ပြပွဲ)
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	အရောင်အသွေးစုံစွာ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ
၁၂း၀၀ - ၆း၀၀	အရိုးပါးရောဂါကုသခြင်းအကြောင်း (ပါမောက္ခ ဒေါက်တာနေဝင်း၊ဒေါက်တာလှကြည်)
၁၂း၃၅ - ၆း၃၅	Myanmar Video Rhythm
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

a စစ်အတွင်းမှ နေထိုင်သည့် နေရာများအဖြစ် တည်ရှိနေသည်။

အန္တရာယ်ကြီး

အဆိုပါ သင်္ဘောပျက်များသည် ကမ္ဘာအရပ်ရပ်မှ လာရောက်ကြသည့် ကမ္ဘာ့လှည့်ခရီးသည်များကို ဆွဲဆောင်ရာနေရာများ ဖြစ်ခဲ့သော်လည်း ယခုအခါတွင်မူ အလွန်အန္တရာယ်ကြီးသည့် ညစ်ညမ်းမှုများ ဖြစ်ပေါ်ရာနေရာများ ဖြစ်လာကြသည်။

အဆိပ်သင့်

မိုက္ကရိုနီးရှားကျွန်းစုတွင် ကျွန်းပေါင်း ၆၀၀ ပါဝင်ပြီး ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် တည်ရှိသည်။ ရေငုပ်ခြင်းနှင့် ငါးဖမ်းခြင်းသည် ဒေသ၏အဓိကကျသော ဝင်ငွေအရင်းအမြစ်များ ဖြစ်သော်လည်း ရေပြင်တွင် အဆိပ်သင့်လာခြင်းက ၎င်းအရင်းအမြစ်များကို ဆိုးဆိုးရွားရွား ပျက်စီးစေနိုင်မည်ဖြစ်သည်။

အမေရိကန် ဗုံးကြဲလေယာဉ်များက တိုက်ခိုက်နစ်မြုပ်ပစ်ခဲ့သည့် ဂျပန်ရေယာဉ်များ ဒါဇင်နှင့်ချီပြီး နစ်မြုပ်နေသော ပင်လယ်ရေအိုင်တစ်ခုအတွင်း နစ်မြုပ်ရေယာဉ်တစ်စင်းမှ ရေနံယိုစိမ့်မှုများဖြစ်ပေါ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ရေနံများစိမ့်ထွက်

"ဟိုယိုမာရူးလို့ခေါ်တဲ့ ရေနံတင်သင်္ဘောတစ်စင်းကနေ ရေနံတော်တော်များများ စိမ့်ထွက်နေတာတွေ့ခဲ့ရတယ်"ဟု ဩစတြေးလျ ဂျိမ်းစ်ကွက်တက္ကသိုလ်မှ ဒေါက်တာဘီလ်ဂျက်ဖရီက ပြောကြားသည်။ တိုင်ဖုန်းမုန်တိုင်းတစ်ခုခု တိုက်ခတ်သည်နှင့်ကြုံပါက ယိုဖိတ်မှုများသည့်ထက် ဆိုးဆိုးရွားရွား ဖြစ်လာလိမ့်မည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားသည်။

မိုက္ကရိုနီးရှားကျွန်းစု၏ အခြားတစ်နေရာတွင် ဒုတိယကမ္ဘာစစ်အတွင်းက နစ်မြုပ်ခဲ့သော ရေနံတင်သင်္ဘော တစ်စင်းအတွင်းမှ ရေနံများကို ၂၀၀၃ ခုနှစ်အတွင်းက အမေရိကန်ရေတပ်က စုပ်ယူခဲ့ပြီး ကုန်ကျစရိတ်များကို ထေမိစေရန်အတွက် ပြန်လည်ရောင်းချရန် စီစဉ်ခဲ့ဖူးသည်။ ***အင်တာနက်။***

ယာဉ်အန္တရာယ်ကင်းစေရေး

ယာဉ်၊ လမ်း စည်းကမ်း သတိပြု ဆင်ခြင်လိုက်နာ

ရန်ကုန် စက်တင်ဘာ ၉

ပြည်သူများ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ရေး၊ ယာဉ်တိုက်မှုအန္တရာယ် ကင်းဝေးစေရေး၊ ယာဉ်မဆင်မခြင်မောင်းနှင်မှုများ၊ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာကိစ္စများကို သက်ဆိုင်ရာကော်မတီများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်းလျက် နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

ထိုသို့ဆောင်ရွက်လျက် ရှိရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်ဆေးအရေးယူသည့်အပိုင်းမှလည်း ထိရောက်စွာ အရေးယူအပြစ်ပေးလျက်ရှိသည်ကို တွေ့ရသည်။

သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ အရှိန်အဟုန်ဖြင့် ထိန်းသိမ်းဆောင်ရွက်နေချိန်တွင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းသွားခြင်းမရှိသည်မှာ မော်တော်ယာဉ်များအပိုင်း၊ ခရီးသွားပြည်သူများအပိုင်းမှ စည်းကမ်း လိုက်နာမှု အားနည်းသောကြောင့်ဖြစ်သည်။

သာဓကအားဖြင့် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ယာဉ်တိုက်မှု ၅၁၆ မှု ဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၁၀၇ ဦး၊ ဒဏ်ရာရသူ ၉၂၄ ဦးနှင့် ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၂၅ သန်းကျော်ရှိသည်ဟု သိရသည်။ယခင်တစ်လ ဇူလိုင်လအတွင်းက ယာဉ်တိုက်မှုကြောင့် ဆုံးရှုံးရသည့် တန်ဖိုးငွေမှာ ၆၅ သန်းကျော်သာဖြစ်သဖြင့် ဩဂုတ်လတွင် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် သန်း ၆၀ ကျော် ပိုမိုလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဩဂုတ်လအတွင်းက ယာဉ်တိုက်မှု ပိုမိုဖြစ်ပွားပြီး သေဆုံးမှုအများဆုံးဖြစ်ခဲ့ရသည့်ဒေသများမှာ မော်တော်ယာဉ်ထူထပ်ပြီး လူအသွားအလာအများဆုံးဖြစ်သည့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့ဖြစ်သည်။ ဆုံးရှုံးမှုတန်ဖိုးပမာဏ အများဆုံးဖြစ်သည့် ဒေသများမှာ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် မကွေးတိုင်းတို့ဖြစ်သည်ကို **ယာဘက်ပါ** ဩဂုတ်လအတွင်း ပြည်နယ်နှင့်တိုင်းအလိုက် ယာဉ်တိုက်မှုဖြစ်ပွားရသည့် အခြေအနေပြဇယားကို လေ့လာကြည့်ရှုခြင်းဖြင့် သိရှိရပေရာ ယာဉ်အန္တရာယ်ကင်းဝေးစေရန် မော်တော်ယာဉ်များအပိုင်း၊ ခရီးသွားပြည်သူများအပိုင်းတို့က သတိပြုဆင်ခြင်စည်းကမ်းလိုက်နာမှု ပိုမိုပြုလုပ်ကြရန် လိုအပ်ပေသည်။ (ကြေးမုံ)

မဆင်မခြင်မောင်းနှင်ရာမှ ယာဉ်တိုက်မှုဖြစ်ပွားပြီး မော်တော်ယာဉ်တိမ်းမှောက်ခဲ့ရသည့် မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-သန့်ဇင်ထွန်း၊ကြေးမုံ)

၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း ပြည်နယ်/တိုင်းအလိုက် ယာဉ်တိုက်မှုဖြစ်ပွားသည့် အခြေအနေ

စဉ်	ပြည်နယ်/တိုင်း	အမှု	ဒဏ်ရာရ	သေဆုံး	ဆုံးရှုံးမှုတန်ဖိုး
၁	ကချင်ပြည်နယ်	၂၉	၅၆	၆	၄၅၉၀၀၀
၂	ကယားပြည်နယ်	၂	၅	-	၁၇၀၀၀၀
၃	ကရင်ပြည်နယ်	၁၄	၁၁	၅	၄၀၀၀၀၀
၄	ချင်းပြည်နယ်	၂	၆	၄	၆၅၀၀၀၀၀
၅	စစ်ကိုင်းတိုင်း	၇၀	၁၃၀	၅	၁၅၇၀၀၀၀
၆	တနင်္သာရီတိုင်း	၁၄	၁၉	၂	၃၉၅၀၀၀
၇	ပဲခူးတိုင်း	၅၃	၇၃	၇	၃၅၁၅၀၀၀
၈	ပဲခူးတိုင်း(န)	၁၈	၃၇	၇	၃၃၆၁၅၀၀
၉	မကွေးတိုင်း	၂၃	၅၂	၅	၁၂၆၆၃၀၀၀
၁၀	မန္တလေးတိုင်း	၁၂၃	၁၉၈	၂၄	၄၁၅၈၀၀၀
၁၁	မွန်ပြည်နယ်	၂၈	၂၇	၉	၉၁၅၀၀၀
၁၂	ရခိုင်ပြည်နယ်	၇	၁၁	၃	၃၂၇၅၀၀
၁၃	ရန်ကုန်တိုင်း	၆၆	၁၈၉	၁၈	၃၀၅၀၅၀၀၀
၁၄	ရှမ်းပြည်နယ်	၁၈	၃၀	၄	၁၃၃၀၀၀
၁၅	ရှမ်းပြည်နယ်(မ)	၂၃	၃၅	၅	၂၀၄၇၀၀၀
၁၆	ရှမ်းပြည်နယ်(ရ)	၉	၂၂	၂	၇၀၀၀၀
၁၇	ဧရာဝတီတိုင်း	၁၇	၂၃	၁	၁၆၀၀၀၀
	စုစုပေါင်း	၅၁၆	၉၂၄	၁၀၇	၁၂၅၈၅၉၀၀၀

၂၀၀၈ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှုဖြစ်ပွားသည့် အခြေအနေ

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၈ ခုနှစ် ဩဂုတ်အတွင်း နိုင်ငံတစ်ဝန်းလုံး၌ မီးလောင်မှု (၂၄)ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး (၁၆)ကြိမ်၊ လျှပ်စစ်မီး(၅)ကြိမ်၊ အလိုအလျောက်မီး(၁)ကြိမ်၊ မသမာသူ ရှို့မီး ၂ ကြိမ် ပါဝင်သည်။

ဩဂုတ်လအတွင်း နိုင်ငံတော်တစ်ဝန်းလုံး၌ အိမ်ခြေအဆောက်အအုံ ၁၇၇ လုံး၊ စက်ရုံ၊ အလုပ်ရုံတစ်ရုံ မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၁၁၀၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

ပေါ့ဆမီး(၁၆)ကြိမ် ပါဝင်သဖြင့် မီးကို မဆင်မခြင်သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှု အကြိမ်စုစုပေါင်း၏ ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရသည်။

မီးလောင်မှုအကြိမ်များကို ပြည်နယ်/တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် ရန်ကုန်တိုင်း၌ အကြိမ်အများဆုံး၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်တို့၌ ဒုတိယအကြိမ်အများဆုံး၊ နေပြည်တော်၌ တတိယအကြိမ် အများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးလောင်မှုများ၏ ဆုံးရှုံးမှုတန်ဖိုးများကို ပြည်နယ်/တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် တနင်္သာရီတိုင်း၌ ဆုံးရှုံးမှုအများဆုံး၊ ရှမ်းပြည်နယ်၌ ဒုတိယဆုံးရှုံးမှု အများဆုံး၊ ရန်ကုန်တိုင်း၌ တတိယဆုံးရှုံးမှု အများဆုံး ဖြစ်ခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်တိုင်း၌ မီးလောင်မှုအများဆုံး ဖြစ်ပွားခဲ့သည့် မီးလောင်မှု(၇)ကြိမ်အနက်(၆)ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မိုးနှောင်းကာလဖြစ်သော်လည်း လျှပ်စစ်ကို စနစ်တကျအသုံးပြုမှုမရှိခြင်းနှင့် ပေါ့ဆမှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနေသဖြင့် မီးသတိမူရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုးများ လျော့နည်းစေရေးအတွက် တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း၊ လိုက်နာဆောင်ရွက်ရေးစည်းရုံးဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မီးဘေးလုံခြုံရေး စီမံချက်ရေးဆွဲ၍ ပစ်မှတ်စနစ်ဖြင့် မီးငြိမ်းသတ်ရေး လေ့ကျင့်ခန်းများ စဉ်ဆက်မပြတ် လေ့ကျင့်ခြင်း၊ ပြည်နယ်/တိုင်း/မြို့နယ် မီးသတ်ဦးစီးဌာနမှူးများက မိမိတို့ တာဝန်ယူရသော နယ်မြေဒေသအလိုက် အရှိန်အဟုန်မပြတ် မီးသတိမူရေး ဆောင်ရွက်ကြရန်၊ ရပ်ကွက်၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံ၊ ပြည်သူပိုင်အဆောက်အအုံ၊ ပြည်သူ့ဆေးရုံ၊ ဈေးကြီးများ၊ တန်ခိုးကြီး ဘုရားပုထိုးစေတီများ၊ သာသနိက အဆောက်အအုံများ၊ အထပ်မြင့်အဆောက်အအုံများ၊ ရှေးဟောင်း ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ပြတိုက်များ တည်ဆောက်မှုကို ဒေသအာဏာပိုင်များ၏ အကူအညီရယူ၍ စစ်ဆေးအကြံပြုခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ကြံ့ခိုင်မှု အသင့်ရှိရေး၊ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားပြီး မီးဘေးလုံခြုံရေးစီမံချက်ပါ လုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

m ကျောဖုံးမှ

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအတော်များများသို့ ရောက်ခွင့်လေ့လာခွင့် ရခဲ့ရာ ကျွန်တော် ဆန္ဒပြည့်ဝခဲ့ပါသည်။

ယင်းသို့ လေ့လာခွင့် ရခဲ့သဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် ပြည်သူတို့၏ လူနေမှုဘဝ မြင်ကွင်းများကို စာတွေ့လက်တွေ့ လေ့လာခွင့် ရခဲ့သည်။

ယင်းသို့ ဒေသထွက်သီးနှံများပေါများကြွယ်ဝစွာ ထွက်ရှိနိုင်ရန်အတွက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဖြစ်သည့် အပူပိုင်းဒေသ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းကို ဆယ်နှစ်ကျော်ကာလအတွင်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ပူးပေါင်း၍ အားကြိုးမာန်တက် အကောင်အထည်ဖော်ခဲ့သည့် အကျိုးရလဒ်ကြောင့် လမ်းဘေးဝဲယာတစ်လျှောက်နှင့် ယခင်က တောင်ကတုံးဖြစ်ခဲ့သည့်နေရာအတော်များများတွင် သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်သာယာလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

ခရီးစဉ်အတွင်း အထူးဝမ်းမြောက်မိသည်က မကွေးတိုင်းအတွင်း ဒေသဝမ်းစာဖူလုံရေးနှင့် ပိုလျှံရေးအတွက် ဆည်တမံအစုအဖွဲ့များကို နိုင်ငံတော်က ကြယ်စင်စုများပမာ တည်ဆောက်ပေးနေမှုမြင်ကွင်းပင်။

မကွေးတိုင်း၊ မင်းဘူးခရိုင်အတွင်း ကြီးအုံ-ကြီးဝရေလှောင်တမံ၊ မုန်းချောင်းရေလှောင်တမံ၊ ဗူးရွာနှင့်အထက်ဗူးရွာရေလှောင်တမံ စီမံကိန်းအစုအဖွဲ့များ ဆောင်ရွက်ပြီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၅၀ အထိ တိုးတက်ထုတ်ယူနိုင်မည်ဖြစ်သကဲ့သို့ ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးရှိ မြစ်သာရေလှောင်တမံစီမံကိန်းမှ ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ နှင့် အကျိုးပြုဧက ၁၂၀၀၀ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလ နိုင်ငံတော်အစိုးရ၏ ဆည်အစုအဖွဲ့များ ကြိုးပမ်းတည်ဆောက်ပေးမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှုများ မည်သည့်ခေတ်နှင့်မျှ မတူအောင် ပိုမိုတိုးတက်လျက်ရှိရာ အဓိကသီးနှံဖြစ်သော စပါးထုတ်လုပ်မှုကို ကြည့်လျှင် ၁၉၈၈-၁၉၈၉ ခုနှစ်က ရေသွင်းစိုက်ဧရိယာဧက ၂ဒသမ ၅ သန်းသာရှိခဲ့ရာမှ ယခုဧက ၅ဒသမ ၆ သန်းကျော်အထိ နှစ်ဆကျော် တိုးတက်လာပြီး ၁၉၈၈ ခုနှစ်တွင် စပါးတင်းသန်း ၆၃၀ သာ ရှိခဲ့ရာက ယခုဆိုလျှင် တင်းသန်း ၁၅၀၀ ရှိပြီဖြစ်ပြီး တင်းသန်း ၂၀၀၀ ထွက်ရှိရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ဤသည်တို့မှာ မကွေးတိုင်းခရီးစဉ်အတွင်း တွေ့မြင်ကြားသိရသည်များဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ပြည်သူတို့၏ လူနေမှုဘဝ မြင့်မားတိုးတက်လာမှု မြင်ကွင်းများပင် ဖြစ်ပေသည်။

အင်္ဂလန်၏ခြေစွမ်းအမှန်ကို ခရိုအေးရှားက စမ်းသပ်ပေးမည် ၂၀၁၀ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲ စက်တင်ဘာ ၁၀/၁၁

၂၀၁၀ ကမ္ဘာ့ဖလားဝင်ခွင့် ဥရောပဇုန်ခြေစစ်ပွဲများကို ပြီးခဲ့သည့် စက်တင်ဘာ ၆ ရက်နဲ့ ၇ ရက်တို့မှာ ကျင်းပခဲ့ပါတယ်။ ခြေစစ်ပွဲ အဖွင့်ပွဲစဉ်တွေမှာ အသင်းကြီးထဲက ပြင်သစ်တစ်သင်းသာ ရှုံးခဲ့ပြီး ကျန်အသင်းကြီးတော်တော်များများ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြပါတယ်။ ကာပယ်လိုကိုင်တွယ်တဲ့ အင်္ဂလန်ကတော့ အဖွင့်ပွဲ ပွဲစဉ်မှာ အသင်းငယ်လေး အင်ဒိုရာကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူပြီး တာထွက်ကောင်းခဲ့ပါတယ်။

ကာပယ်လိုအတွက် ခက်ခဲတဲ့ပွဲ

အင်္ဂလန်ဟာ ဒုတိယပွဲစဉ်အဖြစ် နည်းပြဘီလစ်ရဲ့ ခရိုအေးရှားအသင်းနဲ့ ဇာဂရက်မှာ ယှဉ်ပြိုင်ကစားရမှာပါ။ ပြီးခဲ့တဲ့ ယူရို ၂၀၀၈ ခြေစစ်ပွဲမှာ အင်္ဂလန်ဟာ ခရိုအေးရှားကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ပွဲစလုံး ရှုံးခဲ့ပါတယ်။ အင်္ဂလန်ဟာ အင်ဒိုရာကို နှစ်ဂိုးပြတ်နဲ့ နိုင်ခဲ့တယ်ဆိုပေမယ့် ယခုဆုံတွေ့ရမှာက လျင်မြန်မာကျောပြီး အသင်းလိုက်ခြေစွမ်းကောင်းတဲ့ ခရိုအေးရှားဖြစ်တာကြောင့် ကာပယ်လိုအတွက် ခက်ခဲတဲ့ပွဲတစ်ပွဲ ဖြစ်လာမှာပါ။ ပြီးတော့ အင်္ဂလန်အသင်းမှာ ပရီမီယာလိဂ်အသင်းကြီးတွေက ကစားသမားတွေ ပါဝင်နေပါတယ်။ ဒီပွဲပြီးတာနဲ့ ပရီမီယာလိဂ်ပွဲကျပ်နဲ့ ကြားရက်မှာ ချန်ပီယံလိဂ်ရှိနေတာကြောင့် လမ်းပတ်၊ တယ်ရီ၊ ဖာဒီနန်၊ ဂျိုကိုးလ်၊ ဝိန်းရွန်နေးနဲ့ ဝေါလ်ကော့တို့ဟာ ထင်သလောက် ခြေစွမ်းပြနိုင်မယ် မထင်ပါဘူး။ နိုင်ငံအသင်းထက် ကလပ်အသင်းကိုသာ အာရုံစိုက်မယ့် အနေအထားပါ။

စိတ်ဓာတ်ကောင်း

ခရိုအေးရှားဟာ ပြီးခဲ့တဲ့ပွဲမှာ ကာဇက်စတန်ကို သုံးဂိုးပြတ်နဲ့ နိုင်ထားတာကြောင့် စိတ်ဓာတ်တက်ကြွနေပါတယ်။ ဒိုင်နမိုဇာဂရက်ကနေ စပါးကိုပေါင် ၁၆ဒသမ ၅သန်းနဲ့ ရောက်လာတဲ့ ခရိုအေးရှားကွင်းလယ် ဖန်တီးရှင် မော့ဒရစ်ကလည်း အကောင်းဆုံးခြေစွမ်းပြပြီး အင်္ဂလန်ကို အနိုင်ယူပြသွားမယ်လို့ဆိုထားပါတယ်။ ခရိုအေးရှားအသင်းက စိတ်ဓာတ်ကောင်းတာကြောင့် ပြောတဲ့အတိုင်း ဖြစ်လာနိုင်ပါတယ်။

အိမ်ရှင်အလေးသာ

အင်္ဂလန်နည်းပြ ကာပယ်လိုက သူတို့အသင်းကို ယခုကစားမယ့် ခရိုအေးရှားနဲ့ပွဲမှာ ပိုမိုကောင်းမွန်တဲ့ ခြေစွမ်းမျိုး မြင်တွေ့ရမယ်လို့ ဆိုထားပြီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီကလည်း ခရိုအေးရှားကို အတိုးရောအရင်းပါ ရှုံးကြွေးပြန်ဆပ်မယ်လို့ ကြွေးကြော်ထားပါတယ်။ ဒါပေမယ့် ယခုယှဉ်ပြိုင်ကစားမှာက ခရိုအေးရှားကွင်းဖြစ်နေတာကြောင့် အင်္ဂလန်အနေနဲ့ သရေတစ်မှတ်သာ မျှော်လင့်ခွင့်ရှိပြီး အနိုင်ရလဒ်ကတော့ အိမ်ရှင်ဘက်မှာ အနည်းငယ်အလေးသာနေပါတယ်။

ခရိုအေးရှားနှင့် အင်္ဂလန်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယခုတစ်ပတ်၌ ပြင်သစ်နှင့် ဆာဘီးယား၊ အီတလီနှင့် ဂျော်ဂျီယာ၊ ပေါ်တူဂီနှင့် ဒိန်းမတ်၊ ဆွီဒင်နှင့် ဟန်ဂေရီ၊ စပိန်နှင့် ရိုမေးနီးယားတို့၏ပွဲစဉ်များ ပါဝင်လာမည်ဖြစ်သည်။

ဝင်းတင်(ကြေးမုံ)

ဘိုကလေးမြို့နယ်၌ တည်ဆောက်ပြီး လူနေအိမ်များ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် စက်တင်ဘာ ၇ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ၌ ဒဂုံအင်တာနေရှင်နယ်မှ ဆောက်လုပ်ထားသည့် လူနေအိမ် ၁၂၄လုံးတွင် နေထိုင်ကြသူများအား အားပေးစကားပြောကြားပြီး ရွှေစာရံအခြေခံပညာမူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကာ စာသင်ကျောင်း ဖွင့်လှစ်နိုင်ရန်အတွက် ကျောက်သင်ပုန်းများ၊ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် ခဲတံများ၊ ကျေးရွာအတွက် စားသောက်ဖွယ်ရာများ လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် စက်ဆန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားကာ ကျေးရွာအတွက် ဆိုက်ကားတစ်စီးနှင့် ဆော်ဒီအာရေဗျနိုင်ငံမှလှူဒါန်းသည့် မီးစက်တစ်လုံး၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးစန်းမြင့်က စာသင်ကျောင်းအတွက် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် ခဲတံများပေးအပ်လှူဒါန်းပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးရွာအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗိုင်းမွန်းမာကျူရီကုမ္ပဏီမှ ဆောက်လုပ်ထားသည့် လူနေအိမ် ၁၀၈လုံး၌ နေထိုင်ကြသူများအား အားပေးစကားပြောကြားပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာတွင် ဒဂုံအင်တာနေရှင်နယ်မှ ဆောက်လုပ်ထားသည့် လူနေအိမ်ရာများတွင် နေထိုင်ကြသူများအား အားပေးစကားပြောကြားစဉ်။ (သစ်တော)

❖ **ရှေ့ဖုံးမှ**

ဗြိတိန်နိုင်ငံရှိ အသက်အရွယ်ကြီးလာသူများတွင် ဗီတာမင် B 12 ဓာတ်ချို့တဲ့မှုမှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်လာပြီး မှတ်ဉာဏ်ချို့ယွင်းမှု၊ စိတ်ရောဂါဖြစ်မှုတို့နှင့် ဆက်စပ်နေသည်ဟုဆိုသည်။

အသက်အရွယ်ကြီးလာသူများသည် အသား၊ ငါးနှင့် နို့တို့ကို စားသုံးပေးခြင်းဖြင့် ဗီတာမင် B 12 ချို့တဲ့မှုကို ကာကွယ်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း၊ ဗီတာမင်ဓာတ်ကြွယ်ဝအောင် စားသုံးပေးခြင်းကြောင့် ဦးနှောက်နှင့်အသည်းတို့လည်း အားကောင်းလာပြီး မှတ်ဉာဏ်ချို့ယွင်းမှုကို ကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အဆိုပါ သုတေသနအဖွဲ့က တိုက်တွန်းထားသည်။

အင်တာနက်။

ဝန်ကြီးသည် စက်တင်ဘာ ၈ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ မြို့မဆွမ်းလောင်းဓမ္မာရုံ၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

ဂျီတီအိုင်ကျောင်းများမှ ကျောင်းသားဟောင်းများ၏ (၆)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၂ရက်နံနက်၁၀နာရီမှစ၍ရန်ကုန်မြို့ ပြည်လမ်း ကိုးမိုင် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် ဦးခင်ဇ(ရုံးအဖွဲ့မှူး) ဖုန်း-၅၁၉၈၆၃သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၉

စက်တင်ဘာ ၉ ရက် မြန်မာစံတော်ချိန် ၀၁နာရီ ၃၄မိနစ် ၅၆ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက်မိုင် ၅၂၀၀ခန့် ကွာဝေးသော (မြန်မာနိုင်ငံပြည်ပ) နေရာကို ဗဟိုပြု၍အင်အားရစ်ချ်တာစကေး ၇ဒသမ၀အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ဖွံ့ဖြိုးသာယာ နတ်ချောင်းရွာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ- ကလေး-ဝင်းသူ

နတ်ချောင်းကျေးရွာသည် စစ်ကိုင်းတိုင်း ကလေးမြို့နယ်၌ အကြီးဆုံးကျေးရွာကြီးတစ်ရွာဖြစ်ပြီး အိမ်ခြေ ၁၂၂၅ အိမ်၊ လူဦးရေပေါင်း ၅၂၅၀ ဦး နေထိုင်သည့်အတွက် ၂၀၀၈ ခုနှစ်တွင် "စံပြကျေးရွာ"အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော ရွာတစ်ရွာဖြစ်သည်။

နတ်ချောင်းကျေးရွာမှာ ယခင်က မဖွံ့ဖြိုးခဲ့သော်လည်း ယခုအခါ အထက်တန်းကျောင်းခွဲ၊ တိုက်နယ်ဆေးရုံ၊ ဘုတာရုံ၊ ဆက်သွယ်ရေးစာတိုက်၊ ဆက်သွယ်ရေးတယ်လီဖုန်းတို့အပြင် ကျေးရွာစာကြည့်တိုက်နှင့် လူငယ်ရိပ်သာ၊ ပန်းခြံနှင့်အားကစားကွင်းများ၊ မီးသတ်တပ်ဖွဲ့နှင့် မီးသတ်မျှော်စင်၊ စပါးခွံလောင်စာဓာတ်ငွေ့ ဓာတ်အားပေးရုံ၊ ကျေးလက်ဈေးတို့ဖြင့် တစ်နေ့တခြား စည်ကားကာ သာယာဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာကြီးတစ်ရွာဖြစ်သည်။

ဒေသဝန်းကျင်တွင် လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်လျက်ရှိသည်။ နေ့စဉ် ကလေး-ဂန့်ဂေါရထား၊ ကလေး-နတ်ချောင်းရထား၊ ကလေး-ဟံသာဝတီရထား၊ ကလေး-မွေ့လယ်ရထားတို့အပြင် ကလေး-နတ်ချောင်း လိုင်းကားနှင့် သုံးဘီးကားများပါ ပြေးဆွဲပေးလျက်ရှိသည်။ ကလေး-နတ်ချောင်း-ဂန့်ဂေါလမ်းမှာ အမြဲတမ်းဆက်သွယ်သွားလာနိုင်ပြီး မိုးတွင်းကာလ၌ ကလေး-မန္တလေး-မုံရွာပြေးဆွဲနေသော မှန်လုံကားများဖြင့် နတ်ချောင်းရွာမှပင် ခရီးဆက်တက်နိုင်ကြသည်။

နတ်ချောင်းရွာကြီးသည် ကလေးမြို့နှင့် ၁၅ မိုင်အကွာ ချင်းတောင်ခြေရင်း၌ တည်ရှိသည်။ နတ်ချောင်းရွာမှ ချင်းပြည်နယ် ဖလမ်းမြို့သို့ ၅၄ မိုင် လေးဖာလုံ၊ ဂန့်ဂေါမြို့သို့ ၈၂ မိုင် လေးဖာလုံ ကွာဝေးပြီး ငါးဖါးရွာသို့ နှစ်မိုင်နှင့် ကလေးသို့ ၁၅ မိုင်မှာ ကတ္တရာလမ်းခင်း ကျေးရွာချင်းဆက်လမ်းများရှိသည်။

နတ်ချောင်းရွာမှ ဂန့်ဂေါ၊ ကလေးသို့ မော်တော်ကား၊ သုံးဘီးဆိုင်ကယ်၊ မီးရထားတို့အပြင် မြစ်သာမြစ်ရေကြောင်းမှလည်း စက်လှေစီး၍ ခရီးသွားနိုင်ကြသည်။

ချင်းတောင်ခြေရင်းက နတ်ချောင်းရွာ လယ်သမားများပိုင်လယ်မြေများအား တစ်မျှော်တစ်ခေါ် တွေ့ရစဉ်။

နတ်ချောင်းရွာကြီးကို သက္ကရာဇ် ၁၂၅၈ ခုနှစ်က သူကြီးဦးရန်နိုင်က အိမ်ခြေ ၂၀ အိမ်ဖြင့် စတင်တည်ထောင်ခဲ့ရာ ၁၃၅၈ ခုနှစ် ရွာသက် နှစ် ၁၀၀ ပြည့်ချိန်၌ အိမ်ခြေ ၁၁၁၀ အထိ တိုးပွားများပြားလာခဲ့သည်။ ယခု ၂၀၀၈ ခုနှစ်တွင် အိမ်ခြေပေါင်း ၁၂၂၅ အိမ် ရှိနေပြီဖြစ်သည်။

နတ်ချောင်းရွာကြီး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ပေါင်း ၃၅၀၅ ဦး၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ၃၀၀၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၆၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၅ ဦး၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် ပြည်သူ့စစ်အင်အား ၃၅ ဦးတို့ရှိရာ ကျေးရွာ၏ လူမှုရေးအဖွဲ့ဝင်များသည် ကျေးရွာတိုးတက် ဖွံ့ဖြိုးလာရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ နတ်ချောင်းကျေးရွာတွင် အိမ်တိုင်းလိုလို၌ ယင်လုံအိမ်သာများ ဆောက်လုပ်ထားပြီး သောက်သုံးရေအတွက် စက်ရေတွင်း၊ အုတ်ရေတွင်းနှင့် တုံကင်တွင်းအပါအဝင် ရေတွင်းပေါင်း ၃၄၄ တွင်း ရှိသည်။ စိုက်ပျိုးလယ်မြေဧက ပေါင်း ၁၆၈၃ ဧကရှိပြီး ရွာတောင်ဘက်ရှိ ပန်းမွန်ချောင်း ရေသောက်လယ်မြေ ၄၂၈ ဧက၊ ချောင်းချောက်ချောင်း ရေသောက်လယ်မြေ ၆၈ ဧကနှင့် ပုဂ္ဂလိကဆည်ရေသောက် ၁၁၉၅ ဧကရှိသည်။

ရွာ၏အရှေ့ဘက် မြစ်သာမြစ် ဝဲ၊ ယာ ကမ်းဘေးတို့တွင် နှစ်စဉ် ပဲနီလေး၊ မြေပဲ၊ နေကြာ၊ နှမ်း၊ ပြောင်းဖူး၊ ဖရုံ၊ သခွားတို့ကို စိုက်ပျိုးလျက်ရှိရာ နတ်ချောင်းကျေးလက် ဈေးသည် ရာသီသီးနှံဈေးအဖြစ် စည်ကားတိုးတက်လျက်ရှိသည်။ နတ်ချောင်းကျေး လက်ဈေးသည် ဈေးရုံအဆောက်အအုံ လေးလုံးနှင့် ဆိုင်ခန်းပေါင်း ၁၄၀ဖြင့် နေ့စဉ် အရောင်းအဝယ်ဖြစ်နေသည်။ ကလေးမြို့ကပါလာရောက် ရောင်းဝယ်ဖောက်ကားရသော ဈေးဖြစ်သည်။

နတ်ချောင်းရွာတွင် ညပိုင်းမီးထိန်ထိန်လင်းရေးအတွက် ၁၂ ကေဗွီအေ အစိုးရမီးစက် တစ်လုံး၊ ပုဂ္ဂလိကရေအားလျှပ်စစ် သုံးခု၊ ပုဂ္ဂလိက ဒီဇယ်မီးပေးစက် ကိုးလုံး၊ ကေဗွီအေ ၂၀၀ စပါးခွံလောင်စာသုံး လျှပ်စစ်မီးစက်တစ်လုံးတို့ဖြင့် မီးပေးလျက်ရှိရာ ညအခါ အိမ်တိုင်း၊ ရွာလမ်းတိုင်း၌ လျှပ်စစ်မီး ထိန်ထိန်လင်းလျက်ရှိသည်။

ဖွံ့ ဖြိုး သာယာနေသော ကလေးနယ်က နတ်ချောင်း စံပြ ကျေးရွာ

နတ်ချောင်းရွာတွင် အထက်တန်းကျောင်းခွဲတစ်ကျောင်းနှင့် ပညာရေးဘော်ဒါဆောင် သုံးခုရှိရာ နှစ်စဉ် အထက်တန်းအောင်နှင့် ဘွဲ့ရကျောင်းသားပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်း ခြောက်ဦးတို့က ကျေးရွာတွင်းရှိ ရွာသူ ရွာသားအပေါင်းအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိရာ တိုက်နယ်ဆေးရုံ၌ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းမှုမှာ ငွေကျပ် သိန်း ၂၀ ကျော် ရရှိနေပြီဖြစ်သည်။

နတ်ချောင်းကျေးရွာ၏ အဓိက ဆက်သွယ်အားထားနေရသော ဆက်သွယ်ရေးရုံးမှာ စာတိုက်နှင့် ကိုယ်ထူကိုယ်ထ တယ်လီဖုန်းရုံးဖြစ်သည်။ နတ်ချောင်းရွာ၏ အိတ်ချိန်း၌ အော်တိုတယ်လီဖုန်း သုံးလုံးနှင့် လက်လှည့်တယ်လီဖုန်းအလုံးပေါင်း ၂၀၀ကျော် အသုံးပြုလျက်ရှိရာ နတ်ချောင်းရွာမှ ပြည်တွင်းသာမက ပြည်ပသို့ပါ နေ့စဉ် တယ်လီဖုန်း ဆက်သွယ်ပြောဆို အသုံးပြုလျက်ရှိသည်။

နတ်ချောင်းရွာ၌ လယ်မြေ ယာမြေပေါင်း ၃၈၃၂ ဧကရှိပြီး နှစ်စဉ် မိုးစပါး၊ မိုးနှမ်း၊ ပဲစင်းငုံ၊ ပဲနီလေး၊ မြေပဲ၊ နေကြာ၊ ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း တို့ကို စိုက်ပျိုးလျက်ရှိပြီး ဇီဝလောင်စာရရှိရေးအတွက် ခြံစည်းရိုးကြက်ဆူပင် ဧက ၅၀ကျော်ကိုလည်း စိုက်ပျိုးထားရှိသည်။

ယခုအခါ ဒေသထွက်သီးနှံဈေးကောင်းလာသဖြင့် လယ်သမားအများစုနေထိုင်ရာ ကလေးမြို့နယ်တောင်ပိုင်းတွင် တည်ရှိသော နတ်ချောင်းစံပြကျေးရွာကြီးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်သာယာလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ရှိ အခွန်လွတ်ဈေးများသို့ သွားရောက်ပြီး စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များ၊ ကြက်သား၊ ကြက်ဥနှင့်ငါး၊ ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေငန်ငါးမျိုးစုံ၊ နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ ကြက်သွန်နီအရောင်းဆိုင်၊ ဆန်အရောင်းဆိုင်များနှင့် စားအုန်းဆီ အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆည်တမံ အစုအဖွဲ့များဖြင့် စိမ်းလန်းဝေဆာလာသည့် မြေလတ်ဒေသ

သတင်းဆောင်းပါး- မောင်မောင်ထွေး (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၉

ကျွန်တော်သည် ငယ်စဉ်ကာလကတည်းက ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသို့ ရောက်ဖူးချင်လှသည်။ မိမိတို့လျှောက်လှမ်းခဲ့ရသည့် သမိုင်းကြောင်းတွင် ညီအစ်ကို မောင်နှမ ဘိုးဘွားဆွေမျိုးများ အသက်မွေးဝမ်းကျောင်းမှု၊ နေထိုင်စားသောက်မှုနှင့်ဒေသဖွံ့ဖြိုးမှု အခြေအနေတို့ကို လေ့လာလိုခဲ့သည်။ ယခုအရွယ်ရောက်၍ သတင်းသမားဘဝဖြင့် အသက်မွေးဝမ်းကျောင်းခွင့် ရရှိခဲ့၍

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○

မကွေးတိုင်း မင်းဘူးခရိုင်အတွင်း တည်ဆောက်ပေးထားသည့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးလျက်ရှိသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်တာနက်သတင်း

စစ်အတွင်း သင်္ဘောပျက်များမှ ယိုစိမ့်မှုများကြောင့် မိုက္ကရိုနီးရှားကျွန်းစုတွင် ဘေးအန္တရာယ် ဖြစ်ပေါ်နိုင်

ဆစ်ဒနီ စက်တင်ဘာ ၉

မိုက္ကရိုနီးရှား ကျွန်းစုတွင် ဒုတိယကမ္ဘာစစ် လက်ကျန် သင်္ဘောပျက်များမှ လောင်စာဆီယိုစိမ့်မှုများ ဖြစ်ပေါ်ပြီး သန့်ရှင်းလှပသော ပင်လယ်ရေအိုင်များအတွင်း ပျံ့နှံ့လာနေခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း သြစတြေးလျ သိပ္ပံပညာရှင်များက အသိပေး ပြောကြားလိုက်သည်။

မိုက္ကရိုနီးရှား ကျွန်းတစ်ခု၏ ပင်လယ်ကမ်းခြေ အလှအပမြင်ကွင်းကို တွေ့ရစဉ်။

အရှေ့အတွက် ထောင်နှင့်ချီသည့် ဂျပန်နှင့် အမေရိကန် စစ်သင်္ဘောပျက်များမှာပင်လယ် ကြမ်းပြင်ပေါ်တွင်ပြန့်ကြဲနစ်မြုပ်နေကြပြီးရေသတ္တဝါများ အိမ်ဖွဲ့

စာမျက်နှာ ၉ ကော်လံ ၇ သို့ ❁

ယနေ့ ဆောင်းပါးအညွှန်း

ကြေးမုံ The Mirror

"ယနေ့ပညာခေတ်ကြီးတွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာ၌ အခြေခံကျသည့် စာတတ်မြောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ"

အောင်ကြည်ညွန့်(တက္ကသိုလ်)၏ "စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် စာတတ်မြောက်ရေးလုပ်ငန်းများ" (ဆောင်းပါး) စာမျက်နှာ - ၆